# MYANTRADE
# ဈေးကွက်သတင်းလွှာ

myantrade

အမှတ်စဉ် ၁/၂၀၂၅

## ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ သတင်းခေါင်းစဉ်များ

## ပြည်တွင်းဈေးကွက်

- ထိုင်ဝမ်ဆီးသီး စိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်
- မြစ်သားမြို့နယ်တွင် ထောပတ်ပဲသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း
- မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့၌ ဆောင်းသီးနှံပဲတီစိမ်းများ ဈေးကောင်းရနေ

## နိုင်ငံတကာဈေးကွက်

- ၂၀၂၅ ခုနှစ်အတွက် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုရည်မှန်းချက်ကို တန်ချိန် ၇ ဒသမ ၅ သန်း သတ်မှတ်ထား
- ဆန်တန်ချိန် ၅ သိန်း တိုးမြှင့်တင်ပို့ရေး ကမ္ဘောဒီးယားနှင့်တရုတ် နှစ်နိုင်ငံ MOU ရေးထိုးမည်
- ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနသည် ပါကစ္စတန်နှင့် အိန္ဒိယတို့ထံမှ စုစုပေါင်းဆန်တန်ချိန် ၂ သန်းတင်သွင်းရန်ညှိနှိုင်းလျက်ရှိ
- အာရှဆန်ဈေးကွက်-အိန္ဒိယတွင်ဆန်သစ်များဈေးကွက်ဝင်ရောက်လာမှုမြင့်တက်၊ ဗီယက်နမ်တွင်ဈေးနှုန်းကျဆင်းမှုရှိ
- ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ၅ နိုင်ငံမှ အိန္ဒိယအား ဂျုံနှင့်ဆန်အပေါ် ဈေးကွက်ပေါက်ဈေး အထောက်အပံ့လွန်စွာပံ့ပိုးနေကြောင်းစွပ်စွဲထား
- ထိုင်းနိုင်ငံ၏ ၂၀၂၅ ခုနှစ်အတွင်း ပို့ကုန်တိုးတက်မှုသည် ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းကြားရှိနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မျှော်မှန်းထား
- အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယခုဘဏ္ဍာရေးနှစ်ကုန်တွင် လမ်းကြောင်းပေါ်သို့ပြန်လည်ရောက်ရှိနိုင်လိမ့်မည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Piyush Goyal ကပြောကြား
- ထိုင်းနိုင်ငံ၏ နှစ်မျိုးသုံးမော်တော်ကားများ (Hybrid cars) ထုတ်လုပ်မှုတိုးမြှင့်ရာ၌ ဘတ် ၅၅ ဘီလီယံ ရင်းနှီးမြှုပ်နှံ သွားမည်ဖြစ်ကြောင်း Toyota က ကတိပြုပြောကြားခဲ့
- မလေးရှားကုမ္ပဏီ Tenaga Nasional နှင့် စင်ကာပူကုမ္ပဏီ Sembcorp Power တို့အကြား လျှပ်စစ်ဓာတ်အားတင်သွင်းရန် သဘောတူစာချုပ် လက်မှတ်ရေးထိုး
- ထိုင်းနိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပို့ကုန်များ တရုတ်ဈေးကွက်သို့ တိုးချဲ့ရာတွင်အထောက်အကူပြုရန်အတွက် နယ်စပ်ဖြတ်ကျော် e-commerce (Cross Border E-Commerce-CBEC) အသုံးပြုရေး မဟာဗျူဟာနှင့် စပ်လျဉ်း ၍ The International Institute of Trade and Development (ITD) က အဆိုပြု သွားရန်ရှိ
- အိန္ဒိယ၏ ဒီဇင်ဘာ ၁၅ ရက်အထိသကြားထုတ်လုပ်မှုသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့
- ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ဝါသီးနှံရာသီ၏ ပထမနှစ်လအတွင်း အိန္ဒိယနိုင်ငံ၏ ဝါဂွမ်းတင်သွင်းမှု ၃ ဆ တိုးတက်
- ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့တင်ပို့မှုသည်မြင့်မားလျက်ရှိသော်လည်း ကုန်ကြမ်း

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

ရှားပါးလျက်ရှိ

- အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနသည် စိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်၊ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားရန်နှင့် ဈေးနှုန်းများလျှော့ချရန် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခဲ့
- အိန္ဒိယနိုင်ငံ အီလက်ထရောနစ်လုပ်ငန်းများအသင်းမှ ပြည်ပမှီခိုမှုလျှော့ချရန် ရန်ပုံငွေ ရူပီး ၇၂၅၀၀ ကာရိုး (ကန်ဒေါ်လာ ၈ ဒသမ ၅၇ ဘီလီယံ) ပံ့ပိုးပေးရန် အစိုးရထံတင်ပြတောင်းဆို
- အမေရိကန်ပြည်ထောင်စုက စံသတ်မှတ်အတိုးနှုန်းလျှော့ချမှုကြောင့် တောင်ကိုရီးယားနိုင်ငံတွင် ရေတိုကာလအတွင်း ဈေးကွက်မတည်ငြိမ်မှုများမြင့်တက်လာမည်ဟု စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးပြောကြား
- အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်း သုည ဒသမ၂၅ ရာခိုင်နှုန်းလျှော့ချခဲ့
- ထိုင်းနိုင်ငံ၏ ပုစွန်ကဏ္ဍသည် ရောဂါဖြစ်ပွားမှုနှင့် ဈေးနှုန်းကျဆင်းမှုတို့ကြောင့် ထုတ်လုပ်မှုကျဆင်းနိုင်
- အီသီယိုးပီးယားသည် တရုတ်နိုင်ငံသို့ ကော်ဖီ ပိုမိုတင်ပို့သွားရန် မျှော်မှန်းထား
- ထိုင်းနိုင်ငံသို့ တရုတ်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး ဆွဲဆောင်သွားမည်ဖြစ်ကြောင်း ထိုင်းစက်မှုဇုန်အာဏာပိုင်က ပြောကြားခဲ့
- ဗီယက်နမ်-တရုတ် ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ နီးပါးရှိလာ
- ယူအေအီး-အိန္ဒိယ စီးပွားရေးလုပ်ငန်းငယ်များပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်အတွက် Founders' Retreat စီးပွားရေးဖိုရမ်တစ်ရပ်ကို ယူအေအီးနိုင်ငံမှ လက်ခံကျင်းပခဲ့
- ရုရှားနှင့် မြန်မာနိုင်ငံအကြား ဗီဇာကင်းလွတ်ခွင့် ခရီးသွားလာမှုကို ၂၀၂၅ ခုနှစ်၊ နှစ်စပိုင်းတွင် စတင်နိုင်မည်
- ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံ၊ ဂန်စူးပြည်နယ်တို့အကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့
- တရုတ်နိုင်ငံ ရှန်းကျန်းဝေဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ နိုင်ငံခြားကုန်သွယ်မှုသည် ယွမ် ၄၀၃ ဘီလီယံသို့ စံချိန်တင်ရောက်ရှိခဲ့
- တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံထားသည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစီမံကိန်းကို လာအိုတွင် စတင်ဖွင့်လှစ်ဆောင်ရွက်
- ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပီလောပီနံကုန်သွယ်မှုကို အထောက်အကူပြုစေရန် အစီအမံများဆောင်ရွက်သွားရန်ရှိ

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- ဝါ၊ ဝါး၊ ရော်ဘာကုန်ကြမ်းတို့ကို အခြေခံသည့် စက်မှုလုပ်ငန်းများတိုးတက်ရေးကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်လိုအပ်
- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ယူအေဘီဘဏ်လီမိတက်တို့အကြား ဝန်ဆောင်မှုများအတွက် အွန်လိုင်းငွေပေးချေမှု အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးမှုမှတ်တမ်းလက်မှတ်ရေးထိုး

**ပြည်ပကုန်သွယ်မှုသတင်း**

- မြန်မာနိုင်ငံမှထွက်ရှိသည့်ဝါဂွမ်းများအား ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**အထူးဆောင်းပါးများ**

- ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအာဏာပိုင်အဖွဲ့အား ဆန်ရောင်းချခွင့် အာဏာပြန်လည်လွှဲအပ်ရန် ဥပဒေကို ပြန်လည်သုံးသပ်လေ့လာလျက်ရှိ

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

## ထိုင်ဝမ်ဆီးသီး စိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ မုံပင်နှင့် ကံကြီးကျေးရွာတို့တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သော ဆီးပင်များကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဆီးပင်စိုက်ပျိုးရာတွင် ကိုင်းကူးပျိုးပင်များကို ဝယ်ယူ၍ ဇွန်လတွင် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး ၂-၃ နှစ် ခန့်အကြာတွင် ဆီးသီးများ စတင်သီး၍ နိုဝင်ဘာလတွင် ဆီးသီးများ စတင်ထွက်ပေါ်ပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလ တို့တွင်လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်းနှင့် အလုံးကြီး၍ အရည်အသွေးနှင့် အရသာကောင်းမွန်သော ထိုင်ဝမ်ဆီးသီးမျိုးများကို ၂ ပေပတ်လည် ကျင်းတူး၍ ၁၅ ပေအကွာအဝေးဖြင့် စိုက်ပျိုးကြကြောင်း၊ စတင်စိုက်ပျိုးသည့်အချိန်တွင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂,၅၀၀,၀၀၀-၃,၀၀၀,၀၀၀ ခန့်ကုန်ကျပြီး နှစ်ရှည်သီးနှံဖြစ်သည့်အတွက် ဆီးသီးများစတင်ထွက်ပေါ်ပြီးနောက် ကုန်ကျစရိတ်နည်းပါးလာကြောင်း၊ ဆီးသီးများကို ၇ ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး စတင်ထွက်ပေါ်ချိန်မှ ရာသီကုန်သည်အထိ ၃ လအကြာ ခူးဆွတ်ရကြောင်း၊ စတင်ခူးဆွတ်ချိန်တွင် ဆီးသီး ၁၀ ပြည်ပါ ဖာ ၂၀ ခန့်ထွက်ရှိပြီး လှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ဖာ ၃၀-၃၅ အထိ ထွက်ရှိရာ တစ်ဧကလျှင် စုစုပေါင်းပျမ်းမျှ အထွက်နှုန်းအနေဖြင့် ဖာ ၅၀ ခန့် ထွက်ရှိကြောင်း၊ အလုံးအသေးအကြီးပေါ်မူတည်၍ ဆီးသီး ၁၀ ပြည်ပါ တစ်ဖာလျှင် လက်ကားဈေး ငွေကျပ် ၂၀,၀၀၀-၂၂,၀၀၀ ဖြင့်လည်းကောင်း၊ လက်လီဈေး အလုံးကြီး တစ်ပြည်လျှင် ငွေကျပ် ၃,၀၀၀ ကျပ်၊ အလုံးသေးတစ်ပြည်လျှင် ငွေကျပ် ၂,၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် မန္တလေး၊ အောင်ပန်း၊ တောင်ကြီးနှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ယိုစုံလုပ်ငန်းရှင်များမှလည်း ဆီးသီးခြံအထိ လာရောက်ဝယ်ယူကြကြောင်း၊ တစ်ဧကလျှင် စုစုပေါင်းငွေကျပ် သိန်း ၂၀ ခန့်အမြတ်ရရှိပြီး အထွက်နှုန်းနှင့် ဈေးနှုန်းအပေါ်မူတည်၍ အကျိုးအမြတ်များ ပိုမိုရရှိကြောင်း ဆီးသီးစိုက်တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

**DOCA (မန္တလေး)**

Source: https://commerce.gov.mm/my/article/update-news-local-trade/32001

## မြစ်သားမြို့နယ်တွင် ထောပတ်ပဲသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ရစ်ကန်၊ ရိုးကန်၊ ညောင်ဝန်စသည့် ကျေးရွာများတွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ထောပတ်ပဲသီးနှံကို အများဆုံး စိုက်ပျိုးပြီး စိုက်ဧက ၁၆၀ ခန့် စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ထောပတ်ပဲသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ၂ လခွဲခန့်အကြာတွင် ခူးဆွတ်ရိတ်သိမ်းနိုင်ကြောင်း၊ ထောပတ်ပဲပင်ပြန့်မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် ထောပတ်ပဲမျိုး ၄-၅ ပြည်ခန့် ကုန်ကျကြောင်း၊ ထောပတ်ပဲသီးနှံစိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂၀၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ထောပတ်ပဲ ၁၀-၁၂ တင်းခန့်ထွက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် ၈၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ဧကလျှင် ငွေကျပ် ၆၅၀,၀၀၀ ခန့်အမြတ်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာလ၊ တတိယပတ်တွင် ထောပတ်ပဲတစ်တင်းလျှင် ငွေကျပ် ၉၀,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ယခုအချိန်တွင် ထောပတ်ပဲသီးနှံစိုက်ခင်းများမှာ အသီးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီအချိန်တွင် ရိတ်သိမ်းရမည်ဖြစ်ကြောင်း၊ ထောပတ်ပဲသီးနှံသည် စိုက်ပျိုးစရိတ်သက်သာ၍ အကျိုးအမြတ်ရရှိသောကြောင့် နှစ်စဉ်တိုးချဲ့ စိုက်ပျိုးလျက်ရှိကြောင်း ထောပတ်ပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မန္တလေး)**

Source: https://commerce.gov.mm/my/article/update-news-local-trade/32002

## မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့၌ ဆောင်းသီးနှံပဲတီစိမ်းများ ဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့ အမှတ် ၆ ရပ်ကွက်ရှိ တောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်းသီးနှံများကိုလည်း စုစုပေါင်းဧက ၃၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ဘုံခုနှစ်ဆင့် ပဲတီစိမ်း(အကြီးမျိုး)များကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုး ခြောက်ပြည်ခန့်ကုန်ကျကြောင်း၊

ပဲတီစိမ်းစိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစုစရိတ်၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၃၅၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ၁၀-၁၁ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ပဲတီစိမ်းအထွက်နှုန်း ပိုမိုထွက်ရှိသည့်အပြင် ဈေးနှုန်းကောင်းမွန်သည့်အတွက် ပဲတီစိမ်းစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ Source: ကြေးမုံသတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_24122024_1210

## နိုင်ငံတကာဈေးကွက်

### ၂၀၂၅ ခုနှစ်အတွက် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုရည်မှန်းချက်ကို တန်ချိန် ၇ ဒသမ ၅ သန်း သတ်မှတ်ထား

၂၀၂၅ ခုနှစ်အတွက် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု ရည်မှန်းချက်ကို ယခုနှစ် ရည်မှန်းချက် တန်ချိန် ၁၀ သန်း ထက်လျော့၍ ၇ ဒသမ ၅ သန်း သတ်မှတ်ထားကြောင်း ထိုင်းနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ သိရသည်။ ထိုင်းနိုင်ငံ၊ နိုင်ငံခြားကုန်သွယ်မှုဌာန၊ ညွှန်ကြားရေးမှူးချုပ် Arada Fuangtong က ယခုနှစ် ၁၁ လအတွင်း ဆန်တင်ပို့မှုမှာ ပြီးခဲ့သည့်နှစ်ကထက် ၁၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ တန်ချိန် ၉ ဒသမ ၂၇ သန်းရှိသဖြင့် တန်ချိန် ၁၀ သန်းအထိတင်ပို့နိုင်ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဘီလီယံ ရရှိမည်ဟု ခန့်မှန်းထားကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုတိုးတက်လာခြင်းသည် တင်သွင်းသည့်နိုင်ငံများ၏ ခရစ်စမတ်၊ နှစ်သစ်ကူးနှင့် တရုတ်နှစ်ကူးတို့အတွက် ဝယ်လိုအားကြောင့်ဖြစ်ပြီး ထိုင်းနိုင်ငံသည် ကမ္ဘာ့ဈေးကွက်ဝယ်လိုအားကို ပြည့်မီအောင် ဆန်ထုတ်လုပ်နိုင်သည့် ပို့ကုန်စွမ်းရည်ရှိကြောင်း၊ ယခုနှစ်ဆန်ပို့ကုန်ပမာဏတန်ချိန် ၁၀ သန်းအထိရှိနိုင်သဖြင့် ရွှေနှစ်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် ပြီးခဲ့သည့်နှစ်ထက် ဆန်ပို့ကုန်ပမာဏတိုးမြင့်လာသည့်အပြင် ဆန်ဈေးနှုန်းလည်း မြင့်တက်ခဲ့ကြောင်း၊ ပျမ်းမျှအားဖြင့် ထိုင်းဟုန်မာလီဆန်သည် ၇ ဒသမ ၅၉ ရာခိုင်နှုန်း၊ ပသွန်သာနီဆန်သည် ၂၄ ဒသမ ၆ ရာခိုင်နှုန်း၊ ဆန်ဖြူသည် ၁၁ ဒသမ ၇ ရာခိုင်နှုန်း၊ ပြုတ်ဆန်သည် ၁၀ ဒသမ ၉ ရာခိုင်နှုန်းနှင့် ကောက်ညှင်းဆန်သည် သုည ဒသမ ၆၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အဓိကတင်ပို့သည့်ဈေးကွက်များမှာ အင်ဒိုနီးရှား၊ အီရတ်၊ တောင်အာဖရိက၊ အမေရိကန်နှင့် ဖိလစ်ပိုင်တို့ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က အိန္ဒိယမှ ဆန်ဖြူတင်ပို့မှု ပြန်လည်စတင်နေခြင်းကြောင့် ထိုင်းနိုင်ငံသည် လာမည့်နှစ်တွင် ဆန်ပို့ကုန်ရည်မှန်းချက်ကို လျှော့ချမည်ဖြစ်ကြောင်း၊ အိန္ဒိယသည် ဆန်တင်ပို့မှုကို ယာယီတားမြစ်ပြီးနောက် ဆန်ထုတ်လုပ်မှုစွမ်းရည်နှင့် သိုလှောင်မှု သိသိသာသာမြင့်မားနေကြောင်း၊ မိုးခေါင်ရေရှားမှု လျော့ပါးသက်သာစေရန်နှင့် စိုက်ပျိုးရေးပိုမိုရရှိရန် ဆောင်ရွက်ချက်များကြောင့် ကမ္ဘာ့ဆန်ထုတ်လုပ်မှုလည်း တိုးတက်လာနိုင်ကာ ကမ္ဘာ့ဆန်ဈေးကွက်တွင် ပြိုင်ဆိုင်မှုပြင်းထန်နိုင်ကြောင်း ပြောကြားခဲ့သည်။

လာမည့်နှစ်တွင် ဆန်တင်ပို့မှုတိုးမြှင့်နိုင်ရေး ထိုင်းနိုင်ငံခြားကုန်သွယ်မှုဌာနသည် အဓိကကုန်သွယ်ဘက်နိုင်ငံများနှင့် ဆက်ဆံရေးအားကောင်းရန်နှင့် အရောင်းမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပမာ ယခုနှစ်တွင် ဆန်တင်ပို့မှုပမာဏ ၁၂ ရာခိုင်နှုန်းကျဆင်းခဲ့သည့် တောင်အာဖရိကနှင့် ဈေးကွက်ချဲ့ထွင်ရေး၊ ထိုင်းစံပယ်ရနံ့ဆန်ကို ပိုမိုနှစ်သက်သော အမေရိကန်ရှိ စပိန်လူမျိုးများအတွက် ထိုင်း ဟုန်မာလီဆန် ဈေးကွက်ချဲ့ထွင်ရေး၊ ပစ်မှတ်ဈေးကွက်များဖြစ်သော ကနေဒါ၊ ဖိလစ်ပိုင်တို့နှင့် အစိုးရခြင်း ချိတ်ဆက်ဆောင်ရွက် ရေး၊ အင်ဒိုနီးရှား၊ တရုတ်တို့နှင့် ဆန်ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ အရှိန်မြှင့်ရေးတို့ကိုကြိုးပမ်းအားထုတ် လျက်ရှိသည်။

ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ဆန်ဖြူတင်ပို့မှုသည် စုစုပေါင်းတင်ပို့မှု၏ ၆၂ ရာခိုင်နှုန်း၊ တန်ချိန် ၅ ဒသမ ၁၈ သန်း ဖြင့် ဦးဆောင်နေပြီး ထိုင်းဟုန်မာလီ ဆန်တင်ပို့မှုသည် ၁ ဒသမ ၃၇ သန်း၊ ပြုတ်ဆန်တင်ပို့မှုသည် ၁ ဒသမ ၀၁ သန်း၊ ထိုင်းဆန်မွှေးတင်ပို့မှုသည် သုည ဒသမ ၅၄ သန်း၊ ကောက်ညှင်းဆန် တင်ပို့မှုသည် သုည ဒသမ ၂၃ သန်းနှင့် ဆန်လုံးညို တင်ပို့မှုသည် သုည ဒသမ ၀၂ သန်း မက်ထရစ်တန်အသီးသီးတို့ဖြစ်ကြောင်း သိရသည်။ ရင်းမြစ်။ Bangkok Post

Source: https://commerce.gov.mm/my/article/update-news-international-trade/32008

### ဆန်တန်ချိန် ၅ သိန်း တိုးမြှင့်တင်ပို့ရေး ကမ္ဘောဒီးယားနှင့်တရုတ် နှစ်နိုင်ငံ MOU ရေးထိုးမည်

ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူး Mr. Lon Yeng က ကမ္ဘောဒီးယားနှင့် တရုတ်တို့သည် တရုတ်ဈေးကွက်သို့ ကမ္ဘောဒီးယားမှ ဆန်တင်ပို့မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ ၆ ခုကို လက်မှတ်ရေးထိုးခဲ့ပြီး ၇ ကြိမ်

မြောက် နားလည်မှုစာချွန်လွှာနှင့် အခြားသော စာချွန်လွှာများစွာကိုလည်း လက်မှတ်ရေးထိုးရန် အဆင်သင့်ရှိကြောင်း ၂၀၂၃ ခုနှစ် ဇွန်လ ၂၉ ရက် (ကြာသပတေး) နေ့တွင် ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Pan Sorasak က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တရုတ်ဈေးကွက်သို့ ဆန်တန်ချိန် ၅၀၀,၀၀၀ တင်ပို့နိုင်ရေးအတွက် ၇ ကြိမ်မြောက် နားလည်မှုစာချွန်လွှာကို ရေးထိုးရန် အစောပိုင်းကကြေညာခဲ့ပြီး ယင်းကြေညာချက်သည် ကမ္ဘောဒီးယား၏ဆန်တင်ပို့မှုကို ပိုမိုတိုးတက်စေလိမ့်မည်ဟု မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဆဋ္ဌမမြောက်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ ဆန်တန်ချိန် ၄၀၀,၀၀၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီးဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှ လိုအပ်သော ဆန်အမျိုးအစားကို စိုက်ပျိုးရာတွင် အစွမ်းကုန်ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယား တောင်သူလယ်သမားများ၏ ဘဝနှင့်စီးပွားရေးကို ပံ့ပိုးကူညီရန်၊ ပြည်သူများအတွက် အနာဂတ်လူနေမှု အဆင့်အတန်းကို မြှင့်တင်ရန်အတွက် အဆိုပါဆန်ပမာဏကို တရုတ်နိုင်ငံက ဝယ်ယူနိုင်လိမ့်မည်ဖြစ်ကြောင်းဖြင့် လယ်သမားများအား Mr. Yeng က တိုက်တွန်းပြောကြားခဲ့သည်။

Source: Khmer Times, 30 Jun 2023 (လယ်ယာထွက်ကုန်များနှင့်အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/11236

## ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနသည် ပါကစ္စတန်နှင့် အိန္ဒိယတို့ထံမှ စုစုပေါင်းဆန်တန်ချိန် ၂ သန်း တင်သွင်းရန် ညှိနှိုင်းလျက်ရှိ

ဖိလစ်ပိုင်နိုင်ငံ၏ ဆန်လိုအပ်ချက်အားပြည့်မီရန် ပါကစ္စတန်နှင့် အိန္ဒိယ ၂ နိုင်ငံထံမှ စုစုပေါင်း ဆန်တန်ချိန် ၂ သန်း တင်သွင်းရန် ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနမှ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး ဝန်ကြီးမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့က ပြောကြားခဲ့သည်။ ပါကစ္စတန်နိုင်ငံနှင့် ဆွေးနွေးနေမှုမှာ ပြီးစီးခါနီးအခြေအနေတွင်ရှိနေပြီး ဖိလစ်ပိုင်နိုင်ငံ ဆန်လိုအပ်ချက်၏ ၂၅ ရာခိုင်နှုန်းဖြစ်သော ၁ သန်းအား နှစ်စဉ် တင်သွင်းခွင့်ရရှိရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။

အလားတူ အိန္ဒိယနိုင်ငံနှင့်လည်း ညှိနှိုင်းဆွေးနွေးနေဆဲဖြစ်ကြောင်းနှင့် ဆန်ရောင်းချသည့်နိုင်ငံများကြား တန်းတူရောင်းချခွင့်နှင့် ယှဉ်ပြိုင်ခွင့်ရရှိစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

သမ္မတမားကို့ဂျူနီယာ၏ ဆန်တင်သွင်းခြင်းဆိုင်ရာမဟာဗျူဟာဖြစ်သော နေရာအမြောက်အမြားမှ ဝယ်ယူခြင်းသည် စားသုံးသူများအတွက် ဈေးနှုန်းသက်သာစွာရရှိနိုင်စေနိုင်မည်ဖြစ်သည်။ လက်ရှိတွင် ဗီယက်နမ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ ထိပ်တန်းဆန်ရောင်းချတင်ပို့နေသူဖြစ်နေပြီး ဆန်တန်ချိန် ၁ ဒသမ ၅ သန်းမှ ၂ သန်းထိတင်သွင်းရန် ၅ နှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးထားကြောင်းနှင့် ယခုကဲ့သို့ ဈေးကွက်ချဲ့ထွင်ဝယ်ယူခြင်းကလည်း ဖိလစ်ပိုင်နိုင်ငံတွင်း ဆန်ဈေးနှုန်းနှင့် ပြည်တွင်းဆန်ရိက္ခာဖူလုံစေသည့် အကြောင်းအရင်းတစ်ခုဖြစ်လိမ့်မည်ဟု ပြောကြားထားသည်။

စိုက်ပျိုးရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Rice-for-All Program အတွက်လည်း ပြည်တွင်းရှိဆန်တင်သွင်းသူများမှလည်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့်ဆန်တစ်ကီလိုလျှင် ပီဆို ၄၀၊ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် Kadiwa Store များကိုလည်း ရည်မှန်းထားသည့်အတိုင်း လာမည့်ဇန်နဝါရီလ မတိုင်မီဆိုင်ခွဲပေါင်း ၃၀၀ အထိ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။ ထို့အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိ ဆန်ကုန်သည်များနှင့် နိုင်ငံတကာမှ ဆန်ရောင်းချသူများကြား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးမှ ပြောကြားခဲ့သည်။ (စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/npt-241220241100

## အာရှဆန်ဈေးကွက် - အိန္ဒိယတွင် ဆန်သစ်များ ဈေးကွက်ဝင်ရောက်လာမှုမြင့်တက်၊ ဗီယက်နမ်တွင် ဈေးနှုန်းကျဆင်းမှုရှိ

အိန္ဒိယမှတင်ပို့သော ပေါင်းဆန်ဈေးသည် ရာသီသစ် ဆန်များဈေးကွက်အတွင်း များစွာဝင်ရောက်လျက် ရှိသောကြောင့် ဈေးနှုန်းဖိအားများရှိသော်လည်း အာဖရိကမှ ဝယ်လိုအားကောင်းမွန်ခြင်းကြောင့် ယခုအပတ်တွင် ပုံမှန်ဈေးနှုန်းအတိုင်း တည်ငြိမ်လျက်ရှိကြောင်း၊ သို့ရာတွင် ဗီယက်နမ်၌မူ ဈေးကွက်အတွင်း ရောင်းလိုအား များပြားမှုကြောင့် ဆန်ဈေးနှုန်းမှာ ကျဆင်းခဲ့ကြောင်း၊ ထိုင်းနိုင်ငံတွင် ဘတ်ငွေတန်ဖိုးကြောင့် ဆန်ဈေးနှုန်းမှာ အနည်းငယ်မြင့်တက်ခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားသည်။

ထိပ်တန်းဆန်တင်ပို့သူနိုင်ငံဖြစ်သည့် အိန္ဒိယ၏ ၅ မှတ်ပေါင်းဆန်မျိုးကွဲများကို ယခင်အပတ်က ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ယခုသီတင်းပတ်တွင် မက်ထရစ်တစ်တန်လျှင် ကန်ဒေါ်လာ ၄၄၄ မှ ဒေါ်လာ ၄၅၀ ဖြင့် ရောင်းချလျက်ရှိကြောင်း၊ အိန္ဒိယ၏ ၅ မှတ် ဆန်ဖြူသည် ယခုအပတ်တွင် မက်ထရစ်တစ်တန်လျှင် ကန်ဒေါ်လာ ၄၅၀ မှ ၄၅၈ ဒေါ်လာအကြားတွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယသည် စပါးစိုက်ပျိုးစရိတ်များ မြင့်တက်နေသော်လည်း ရူပီးဈေးနှုန်းကျဆင်းမှုက ဆန်တင်ပို့သူများကို ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်ကူညီပေးနေကြောင်း နယူးဒေလီအခြေစိုက်ကုန်သည်တစ်ဦးက ပြောကြားထားသည်။ အိန္ဒိယရူပီးသည် ယခုသီတင်းပတ်အတွင်း ဒေါ်လာနှင့်နှိုင်းယှဉ်ပါက စံချိန်တင်ကျဆင်းခဲ့ပြီး ပို့ကုန်လုပ်ငန်းရှင်များ၏ အမြတ်ဝင်ငွေကို တိုးတက်ရရှိစေခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံတွင် ၅မှတ်ဆန်သည် ယခင်တစ်ပတ်က ၅၁၇ ဒေါ်လာရှိခဲ့ရာမှ ယခုအခါ မက်ထရစ် တစ်တန်လျှင် ၅၀၉ ဒေါ်လာဖြင့် ကမ်းလှမ်းရောင်းချလျက်ရှိကြောင်း ဗီယက်နမ်စားနပ်ရိက္ခာအသင်းမှ သိရသည်။

အမေရိကန်နိုင်ငံစိုက်ပျိုးရေးဦးစီးဌာန(USDA)က ဆန်ရောင်းလိုအားကောင်းမည်ဟု ခန့်မှန်းထားသောကြောင့် ဈေးနှုန်းများကျဆင်းခဲ့ခြင်းဖြစ်သည်ဟု ဟိုချီမင်းမြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားထားသည်။

ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ လယ်သမားများသည် နိုဝင်ဘာ ၂၀ ရက်အထိ နွေစပါး ဟက်တာ ၅၀၀,၀၀၀ ကိုစိုက်ပျိုးခဲ့ပြီး ယင်းသည် ယခင်နှစ်ထက် ၃၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဗီယက်နမ်အထွေထွေစာရင်းအင်းရုံး၏ အချက်အလက်များအရ သိရသည်။

ထိုင်းနိုင်ငံ၏ ၅ မှတ်ဆန်သည် ယခင်အပတ်က ကန်ဒေါ်လာ ၅၁၀ နှုန်းသာရှိခဲ့ရာမှ ယခုတစ်ပတ်တွင် မက်ထရစ်တစ်တန်လျှင် ကန်ဒေါ်လာ ၅၁၀ မှ ၅၁၅ ဒေါ်လာသို့ အနည်းငယ်မြင့်တက်ခဲ့ကြောင်းနှင့် နှစ်ကုန်နီးလာသည်နှင့်အမျှ ဝယ်လိုအားငြိမ်နေကြောင်းနှင့် ရေရရှိမှုကောင်းမွန်သောကြောင့် နောက်ရာသီ သီးနှံအထွက်နှုန်းမှာလည်း ကောင်းမွန်နိုင်ကြောင်း ဗန်ကောက်မြို့အခြေစိုက် ကုန်သည်တစ်ဦးကပြောကြားထားကြောင်းသိရသည်။ အခြားသော ကုန်သည်တစ်ဦးကမူ ဘတ်ငွေအားကောင်းခြင်းကြောင့် ဈေးအနည်းငယ် တက်လာရခြင်းဖြစ်သည်ဟု ပြောကြားထားသည်။

Source: Asia rice: New Season supplies rise in India; Vietnam rates drop, The Economic Times, 12 December, 2024.,စီးပွားရေးသံမှူး၊ နယူးဒေလီမြို့။

Source: https://myantrade.gov.mm/article/Naypyitawstp_161220240315

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ၅ နိုင်ငံမှ အိန္ဒိယအား ဂျုံနှင့်ဆန်အပေါ် ဈေးကွက်ပေါက်ဈေး အထောက်အပံ့ လွန်စွာပံ့ပိုးနေကြောင်းစွပ်စွဲထား

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများဖြစ်သော အာဂျင်တီးနား၊ ဩစတြေးလျ၊ ကနေဒါ၊ ယူကရိန်းနှင့် အမေရိကန်တို့သည် အိန္ဒိယအား ဂျုံနှင့်ဆန်အပေါ် ဈေးကွက်ပေါက်ဈေး အထောက်အပံ့အလွန်အကျွံပံ့ပိုးမှုကြောင့် ကမ္ဘာ့ကုန်သွယ်မှုကို ပျက်ပြားစေခဲ့သည်ဟုစွပ်စွဲထားသည်။ ယင်းအပေါ် အိန္ဒိယမှ တာဝန်ရှိသူတစ်ဦးက တရားဝင်အစည်းအဝေးမှတစ်ဆင့် သင့်လျော်စွာတုံ့ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အိန္ဒိယမှအကြောင်းကြားမှုများ (Notification) အရ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခု နှစ်အတွင်း အိန္ဒိယ၏ ဆန်ပေါက်ဈေးအထောက်အပံ့သည် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး၏ ၈၇ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ မကြာသေးမီက ပြည်တွင်းထောက်ပံ့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၅ ဘီလီယံကို ထောက်ပံ့ခဲ့ကြောင်းကို လယ်ယာကော်မတီမှတစ်ဆင့် အကြောင်းကြားထားကြောင်း၊ အိန္ဒိယနှင့်အတူအခြားစိတ်ပါဝင်စားသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့နှင့်ဆွေးနွေးနိုင်ကြောင်း အဆိုပါ ၅ နိုင်ငံ၏ တိုင်ကြားစာတွင် ဖော်ပြထားသည်။

အိန္ဒိယသည် စားနပ်ရိက္ခာဖူလုံရေး အများပြည်သူအတွက် ဆန်သိုလှောင်မှုအစီအစဉ်ကို ဆက်လက်ဆောင်ရွက်နိုင်ရေး ၂၀၂၂ – ၂၀၂၃ ခုနှစ်အတွင်း လယ်သမားများအား ပံ့ပိုးကူညီမှုများပိုမိုပေးအပ်နိုင်ရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ လယ်ယာသဘောတူညီချက်၏ခြွင်းချက် (Peace Clause) ဖြစ်သော ပုဒ်မ ၁၃ အရ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ခွင့်ပြုပမာဏ (ceiling)အတွင်း အထောက်အပံ့ပေးပိုင်ခွင့်ကို ပြေီလကတောင်းဆိုခဲ့သည်။ အထောက်အပံ့ပေးရန် ခွင့်ပြုပမာဏမှာ အိန္ဒိယကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စားသောက်ကုန် ထုတ်လုပ်မှု စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းဖြစ်သည်။

အိန္ဒိယက လယ်ယာသဘောတူညီချက်အောက်ရှိ ပြည်တွင်းအထောက်အပံ့ပေးမှုဆိုင်ရာဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၂ – ၂၀၂၃ ခုနှစ်အတွင်း အိန္ဒိယ၏ စုစုပေါင်း ဆန်ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၈ သန်းရှိခဲ့ပြီး လယ်သမားများအား ထောက်ပံ့ငွေ အမေရိကန် ဒေါ်လာ ၆ ဒသမ ၃၉ သန်း ပေးအပ်ခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အကြောင်းကြားခဲ့သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်အရ ၂၀၃၀ ပြည့်နှစ်တွင် ငတ်မွတ်ခေါင်းပါးမှုကင်းရှင်းရေး ရည်မှန်းချက်ပြည့်မီရမည်ဖြစ်ရာ ကာလရှည်ကြာဆိုင်းငံ့နေသော အများပြည်သူအတွက် စားနပ်ရိက္ခာသိုလှောင်နိုင်မှုအစီအစဉ်ကို အဖြေရှာရန် အိန္ဒိယက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်များအား အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။

အများပြည်သူအတွက် စားနပ်ရိက္ခာသိုလှောင်နိုင်မှု(Public Stockholding-PSH) အစီအစဉ်ဆိုသည်မှာ အစိုးရက လယ်သမားများထံမှ ဆန်နှင့်ဂျုံကဲ့သို့ ကောက်ပဲသီးနှံများကို အနိမ့်ဆုံးထောက်ပံ့မှုဈေးနှုန်း (Minimum Support Price – MSP) ဖြင့်ဝယ်ယူကာ ဆင်းရဲနွမ်းပါးသူများအတွက် အစားအစာများကို ဖြန့်ဝေပေးသည့် မူဝါဒတစ်ခုဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများသည် ၁၉၈၆-၁၉၈၈ခုနှစ် ရည်ညွှန်းဈေးနှုန်းများကိုအခြေခံ၍ ထုတ်လုပ်မှုကုန်ကျစရိတ် စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို အထောက်အပံ့ပေးနိုင်ရာ အိန္ဒိယသည် အဆိုပါတွက်ချက်မှုစနစ်ကို ပြင်ဆင်ရန်ကြိုးပမ်းနေသည်။

အများပြည်သူအတွက် စားနပ်ရိက္ခာသိုလှောင်နိုင်မှုအစီအစဉ်နှင့်စပ်လျဉ်း၍ ညှိနှိုင်းမှုများဆောင်ရွက်စဉ် ကြားကာလနည်းလမ်းတစ်ခုအဖြစ် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့သော ဘာလီဝန်ကြီးများအဆင့်အစည်းအဝေး၌ Peace Clause ဟုခေါ်သည့် စနစ်တစ်ခုကိုသဘောတူခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ခွင့်ပြုပမာဏ (ceiling)အတွင်း အထောက်အပံ့ပေးပါက အငြင်းပွားမှုဖြေရှင်းခြင်းစနစ်တွင် တိုင်ကြား၍မရကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်များက သဘောတူညီခဲ့ကြသည်။ စားနပ်ရိက္ခာသိုလှောင်နိုင်မှုအစီအစဉ်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်အတည်မဖြစ်သရွေ့ အဆိုပါ Peace Clause ကို အသုံးပြုနိုင်မည်ဖြစ်သည်။ ရင်းမြစ်။ The Times of India

Source: https://commerce.gov.mm/my/article/update-news-international-trade/31975

## ထိုင်းနိုင်ငံ၏ ၂၀၂၅ ခုနှစ်အတွင်း ပို့ကုန်တိုးတက်မှုသည် ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းကြားရှိနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မျှော်မှန်းထား

ထိုင်းနိုင်ငံ၏ ပို့ကုန်များအနက် အီလက်ထရောနစ်၊ စိုက်ပျိုးရေးထုတ်ကုန်နှင့် အစားအစာကဏ္ဍများကြောင့် ၂၀၂၄ ခုနှစ်အတွင်း ပို့ကုန်တိုးတက်မှုသည် ၅ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားချက်များအရ ၂၀၂၅ ခုနှစ်အတွက် ပို့ကုန်တိုးတက်မှုသည် ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်း အကြားရှိနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထားခဲ့သည်။

ပို့ကုန်မြှင့်တင်နိုင်ရေးနှင့် ၂၀၂၅ ခုနှစ်အတွက် ရည်မှန်းချက်များနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးသည် ထိုင်းကုန်သည်ကြီးများအသင်း၊ ထိုင်းစက်မှုလုပ်ငန်းအသင်းချုပ်၊ Thai National Shippers' Council (TNSC)နှင့် ကုန်သွယ်ရေးဆိုင်ရာကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ကြောင်း၊ ထိုင်းနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီများ၏ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများသည် ပြီးစီးတော့မည်ဖြစ်ရာ ပို့ကုန်တွင်မြင့်တက်လာနိုင်ကြောင်း၊ ထိုင်းနှင့် ဥရောပလွတ်လပ်သော ကုန်သွယ်ရေးအသင်းတို့အကြား FTA ညှိနှိုင်းမှုများသည် အောင်မြင်ပြီးခဲ့ပြီး အီးယူနှင့် ယူကေတို့ ညှိနှိုင်းမှုသည်လည်း အပြီးသတ်တော့မည်ဖြစ်ရာ ကုန်စည်တင်ပို့မှုမြင့်တက်လာနိုင်ကြောင်း၊ အခွန်နှုန်းထားတိုးမြှင့်ရန် အလားအလာရှိသည့် အမေရိကန်နှင့်ညှိနှိုင်းမှုဆောင်ရွက်သွားမည်ဖြစ်ပြီး တိုးမြင့်လာမည့်အခွန်နှုန်းထားမှ ထိုင်းနိုင်ငံအနေဖြင့်ကင်းလွတ်ခွင့်ရရှိနိုင်မည့်အကြောင်းအရာများအတွက် ဖေဖော်ဝါရီလထဲတွင် အမေရိကန်အရာရှိများနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့သည်။

အမေရိကန်နှင့် ကုန်သွယ်မှုပိုငွေဖြစ်ပေါ်နေခြင်းသည် ထုတ်လုပ်မှုကဏ္ဍတွင် ထိုင်းနိုင်ငံပုံရိပ်အတွက် ရလဒ်ကြီးမားကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် "Think Thailand Next Level" ခေါင်းစဉ်အောက်မှ ကုန်ကြမ်းပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ်သို့ ပြောင်းလဲခြင်းဖြင့် ထိုင်းပို့ကုန်များကို မြှင့်တင်သွားလိုကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ဘတ်ငွေသည် အမေရိကန် တစ် ဒေါ်လာလျှင် ၃၆ ဘတ်မှ ၃၇ ဘတ်ကြားသို့ အားပျော့သွားနိုင်ပြီး ပို့ကုန်နှင့်စီးပွားရေးတိုးတက်မှုကို ထောက်ပံ့ပေးနိုင်ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် ပထမ ၁၀ အတွင်း ထိုင်းပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း သိရသည်။

Source: www.bangkokpost.com ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/npt-23120241000

## အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယခုဘဏ္ဍာရေးနှစ်ကုန်တွင် လမ်းကြောင်းပေါ်သို့ပြန်လည်ရောက်ရှိနိုင်လိမ့်မည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Piyush Goyal ကပြောကြား

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Piyush Goyal က အိန္ဒိယ၏ စီးပွားရေးတိုးတက်မှုသည် ကမ္ဘာလုံးဆိုင်ရာမသေချာမရေရာမှုများရှိနေသော်လည်း ယခုဘဏ္ဍာရေးနှစ်ကုန်တွင် လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိ

မည်ဟုယုံကြည်ကြောင်းနှင့် ယခုနှစ်တွင်လည်း အိန္ဒိယသည် ကမ္ဘာ့စီးပွားရေး အလျင်မြန်ဆုံးတိုးတက်သည့် နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

Times Network က ကျင်းပပြုလုပ်သည့် India Economic Conclave ၌ ဇူလိုင်လမှ စက်တင်ဘာလ သုံးလပတ်တွင် GDP တိုးတက်မှုနှုန်း ၅ ဒသမ ၄ ရာခိုင်နှုန်းသာရှိမှုအပေါ် စိုးရိမ်စရာရှိမရှိ မေးခွန်းအပေါ် ဝန်ကြီးက ယခုနှစ်ပထမသုံးလပတ်၌ ရွေးကောက်ပွဲကျင်းပခဲ့ပြီး ယင်းကာလအတွင်း၌ အခြေခံအဆောက်အအုံ အသုံးစရိတ်အတွက် မူဝါဒချမှတ်မှုနှင့် ဆုံးဖြတ်ချက်များနှေးကွေးခဲ့သဖြင့် နောက်ကျသည့်အကျိုးသက်ရောက်မှုများကြုံတွေ့ခဲ့ရကြောင်း၊ သို့ရာတွင် ယခုတတိယသုံးလပတ်အတွက် ကနဦးကိန်းဂဏန်းများအရ ပွဲတော်ကာလအသုံးစရိတ်များ၊ ကျေးလက်ဒေသတိုးတက်မှုနှုန်း၊ ဘဏ်လုပ်ငန်းများနှင့် အခြေခံအဆောက်အအုံ အသုံးစရိတ်များလမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိလာသည်ကို တွေ့ရှိရကြောင်း၊ မတ်လဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် အိန္ဒိယနိုင်ငံ၏စီးပွားရေးသည် လမ်းကြောင်းမှန်ပေါ်ပြန်လည်ရောက်ရှိမည်ဟု ထင်ကြောင်းဖြေကြားခဲ့သည်ဟု သိရသည်။

ထုတ်လုပ်မှုနှင့် သတ္တုတွင်းကဏ္ဍများ၏ စွမ်းဆောင်ရည်ညံ့ဖျင်းမှုကြောင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ယခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ သုံးလပတ်ကာလတွင် နှစ်နှစ်တာကာလအတွင်း အနိမ့်ဆုံးအဖြစ် ၅ ဒသမ ၄ ရာခိုင်နှုန်းသို့ နှေးကွေးသွားကြောင်း၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)သည် ယခင်ဘဏ္ဍာနှစ် ဇူလိုင်လမှ စက်တင်ဘာလ သုံးလပတ်တွင် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ယခင် GDP တိုးတက်မှု အနိမ့်ဆုံးအဆင့်မှာ ၂၀၂၂-၂၃ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ် (အောက်တိုဘာ-ဒီဇင်ဘာ ၂၀၂၂) တွင် ၄ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ကြောင်း၊ သို့သော်လည်း ယခုနှစ် ဇူလိုင်လမှ စက်တင်ဘာလ သုံးလပတ်တွင် တရုတ်နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၄ ဒသမ ၆ ရာခိုင်နှုန်းရှိသောကြောင့် အိန္ဒိယသည် အလျင်မြန်ဆုံးကြီးထွားနေသည့် အဓိကစီးပွားရေးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိကြောင်းနှင့် အိန္ဒိယနိုင်ငံ၏ခေတ်မီနည်းပညာများနှင့် ဆန်းသစ်တီထွင်မှုများသည် နိုင်ငံ၏တိုးတက်မှုကိုဖော်ဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း Goyal က ပြောကြားခဲ့သည်။

Source: India's economic growth by the end of this fiscal will be back on track: Commerce Minister Piyush Goyal, The Economic Times, 12 December, 2024., စီးပွားရေးသံမှူး၊ နယူးဒေလီမြို့။

Source: https://myantrade.gov.mm/article/Naypyitawstp_161220240327

## ထိုင်းနိုင်ငံ၏ နှစ်မျိုးသုံးမော်တော်ကားများ (Hybrid cars) ထုတ်လုပ်မှုတိုးမြှင့်ရာ၌ ဘတ် ၅၅ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း Toyota က ကတိပြုပြောကြားခဲ့

ထိုင်းနိုင်ငံ၏ နှစ်မျိုးသုံးမော်တော်ကားများ (Hybrid cars) ထုတ်လုပ်မှုတိုးမြှင့်ရာ၌ ဘတ် ၅၅ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း Toyota Motor Corp ဥက္ကဋ္ဌ Mr. Toyoda Akio က ကတိပြုပြောကြားခဲ့ကြောင်း သိရသည်။

မော်တော်ကားစက်မှုအတွက် လိုအပ်ချက်များနှင့် အစိုးရ၏မူဝါဒများကို ကိုက်ညီရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးရရှိစေရန် ထုတ်လုပ်သူနှင့် သုံးစွဲသူများအကြား အကျိုးစီးပွားမျှတရန် ဆောင်ရွက်နိုင်ကြောင်း၊ အစိုးရအနေဖြင့် ထိုင်းနိုင်ငံရှိ ဂျပန်၏ထုတ်လုပ်မှုကဏ္ဍတွင် ယုံကြည်မှုမြင့်တက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုကိုထောက်ပံ့ပေးရန် ကတိကဝတ်ပြုထားပြီးဖြစ်ကြောင်း၊ အစိုးရ၏မူဝါဒများသည် လျှပ်စစ်မော်တော်ကားကဏ္ဍတွင် စဉ်ဆက်မပြတ်တိုးတက်မှုကို မြှင့်တင်ရန်ဖြစ်ပြီး အစိမ်းရောင်စွမ်းအင်မိတ်ဆက်မှုများကို အဆင့်မြှင့်တင်သွားရန် ဆောင်ရွက်နေကြောင်း ဝန်ကြီးချုပ် H.E Ms. Paetongtarn Shinawatra က ပြောကြားခဲ့သည်။

စက်မှုကဏ္ဍအတွက် အစိုးရ၏ ရှည်ကြာသောထောက်ပံ့မှုများအတွက် ကျေးဇူးတင်ကြောင်း၊ Toyota သည် ထိုင်းနိုင်ငံတွင်ကုမ္ပဏီ၏စီးပွားဖြစ်ယာဉ်များနှင့် အခြားသောမော်တော်ကားများအတွက် အဓိကထုတ်လုပ်မှုအချက်အချာအဖြစ်လည်ပတ်လာခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ပြီဖြစ်ကြောင်း၊ ထိုင်းနိုင်ငံထုတ် မော်တော်ကားအစိတ်အပိုင်းများသည် ဂျပန်နိုင်ငံတွင်ထုတ်လုပ်သကဲ့သို့ အရည်အသွေးနှင့် စံနှုန်းများဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် ထိုင်းအစိုးရ၏ ပို့ကုန်အတွက် မော်တော်ယာဉ်ထုတ်လုပ်နိုင်မှုများနှင့် ထုတ်လုပ်မှုတိုးမြှင့်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း Toyota Motor Corp ဥက္ကဋ္ဌ Mr. Toyoda Akio က ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်စက်မှုကဏ္ဍ ပိုမိုခိုင်မာစေရန် မဟာဗျူဟာများနှင့်စပ်လျဉ်း၍ နှစ်ဖက်ဆွေးနွေးခဲ့ကြကြောင်း၊ မော်တော်ယာဉ်အသုံးပြုသူများနှင့် လုပ်ငန်းများ၏ လိုအပ်ချက်ကိုပြည့်မီရန် မူဝါဒများနှင့် အစီအမံထုတ်ပြန်ခြင်း၏ အရေးကြီးမှုကိုဆွေးနွေးခဲ့ကြောင်း၊ Toyota သည် နှစ်မျိုးသုံး လျှပ်စစ်မော်တော်ကားထုတ်လုပ်သည့် လိုင်းများကို အဆင့်မြှင့်တင်ရန် ဘတ် ၅၅ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဟု စက်မှုဝန်ကြီး H.E Mr. Akanat Promphan က ပြောကြားခဲ့ကြောင်း၊ အဆိုပါ ရင်းနှီးမြှုပ်နှံမှုကြောင့် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် နည်းပညာလွှဲပြောင်းရယူမှုမြင့်တက်လာနိုင်ကြောင်းသိရသည်။

Source: www.bangkokpost.com ၊, စီးပွားရေးသံမှူး၊ ဘန်ကောက်မြို့။

Source: https://myantrade.gov.mm/article/npt-2312202410008

## မလေးရှားကုမ္ပဏီ Tenaga Nasional နှင့် စင်ကာပူကုမ္ပဏီ Sembcorp Power တို့အကြား လျှပ်စစ်ဓာတ်အား တင်သွင်းရန် သဘောတူစာချုပ် လက်မှတ်ရေးထိုး

မလေးရှားအစိုးရပိုင် လျှပ်စစ်ဓာတ်အားကုမ္ပဏီဖြစ်သည့် Tenaga Nasional (TNB) နှင့် စင်ကာပူနိုင်ငံ၏ လိုင်စင်ရ လျှပ်စစ်ဓာတ်အားတင်သွင်းသည့် Sembcorp Power ကုမ္ပဏီတို့အကြား စင်ကာပူနိုင်ငံသို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တင်သွင်းရန် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် ၅၀ မက်ဂါဝပ်ကို ပထမပိုင်းအဖြစ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း စင်ကာပူနိုင်ငံသို့စတင်တင်ပို့မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံစွမ်းအင်နှင့်ရေအသွင်ကူးပြောင်းရေးဝန်ကြီးဌာနက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့က ပြောကြားခဲ့သည်။

သဘောတူစာချုပ်အရ TNB သည် နှစ်နိုင်ငံအကြား တည်ရှိဆဲလက်ရှိအခြေခံအဆောက်အအုံများ အသုံးပြု၍ Sembcorp Power မှတစ်ဆင့် စင်ကာပူနိုင်ငံသို့ လျှပ်စစ်ဓာတ်အားတင်ပို့မည်ဖြစ်ပြီး စုစုပေါင်းတင်ပို့မည့် ပမာဏမှာ ၃၀၀ မက်ဂါဝပ်ဖြစ်သည်။ ထိုသို့လျှပ်စစ်ဓာတ်အားတင်ပို့မှုသည် Energy Exchange Malaysia (Enegem) က တင်ဒါလုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေခြင်း၊ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုများ ပိုမိုလွယ်ကူထိရောက်စေခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်သူများပါဝင်လာစေရေး တိုက်တွန်းခြင်းတို့ကို ဆောင်ရွက်ခြင်း၏ ရလဒ်ဖြစ်သည်။

"လျှပ်စစ်ဓာတ်အား တင်ပို့မှုပူးပေါင်းဆောင်ရွက်မှုသည် ASEAN Power Grid ဆောင်ရွက်မှုလုပ်ငန်းစဉ်နှင့် မလေးရှားနိုင်ငံ၏ စွမ်းအင်ကူးပြောင်းမှုဆိုင်ရာရည်မှန်းချက်များနှင့် ကိုက်ညီကြောင်း၊ Enegem မှတစ်ဆင့် ဒေသတွင်းနိုင်ငံများနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ကုန်သွယ်မှုကိုလွယ်ကူချောမွေ့စေကြောင်း" TNB နှင့် Sembcorp Power တို့က ပြောကြားခဲ့သည်။

"ယခုအစီအစဉ်သည် မလေးရှားနိုင်ငံကို အစိမ်းရောင်လျှပ်စစ်ဓာတ်အားကုန်သွယ်ရေးတွင် အဓိကပါဝင်ဆောင်ရွက်သည့် နိုင်ငံဖြစ်လာစေမည်ဖြစ်ပြီး ဒေသတွင်း၌ စွမ်းအင်ဖူလုံရေး၊ ရေရှည်တည်တံ့ပြီး စွမ်းအင်ကို ထိရောက်စွာ အသုံးပြုနိုင်ရေး မြှင့်တင်နိုင်မည်ဖြစ်ကြောင်း" Tenaga Nasional ၏ ဥက္ကဋ္ဌဖြစ်သူ Megat Jalaluddin Megat Hassan က ပြောကြားခဲ့သည်။ စင်ကာပူနိုင်ငံအနေဖြင့် ၂၀၃၅ ခုနှစ်တွင် ကာဗွန်နည်း လျှပ်စစ်ဓာတ်အား ၄ ဂစ်ဂါဝပ် အထိ တင်သွင်းရန် ရည်ရွယ်ထားသည်။

စင်ကာပူနိုင်ငံသည် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှု သုညဖြစ်စေရေး မျှော်မှန်းချက်ကို အကောင်အထည်ဖော်လျက်ရှိရာ ၎င်း၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုဖြည့်တင်းရာတွင် ကာဗွန်နည်းလျှပ်စစ်ဓာတ်အား၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့ကို ပိုမိုအသုံးပြုလာမည်ဖြစ်ကြောင်း သိရသည်။ ရင်းမြစ်။The Business Times, စီးပွားရေးသံမှူး၊ စင်ကာပူမြို့

Source: https://myantrade.gov.mm/article/Naypyitawstp_181220241146

## ထိုင်းနိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပို့ကုန်များ တရုတ်ဈေးကွက်သို့ တိုးချဲ့ရာတွင် အထောက်အကူပြုရန်အတွက် နယ်စပ်ဖြတ်ကျော် e-commerce (Cross Border E-Commerce-CBEC) အသုံးပြုရေး မဟာဗျူဟာနှင့်စပ်လျဉ်း၍ The International Institute of Trade and Development (ITD) က အဆိုပြု သွားရန်ရှိ

ထိုင်းနိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပို့ကုန်များ တရုတ်ဈေးကွက်သို့ တိုးချဲ့ရာတွင် အထောက်အကူပြုရန်အတွက် နယ်စပ်ဖြတ်ကျော် e-commerce အသုံးပြုရေး မဟာဗျူဟာနှင့်စပ်လျဉ်း၍ The International Institute of Trade and Development(ITD)က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အဆိုပြုသွားရန်ရှိကြောင်း သိရသည်။

တရုတ်ဈေးကွက်အတွက် CBEC ကို အသုံးပြုမှုတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်ကိုတိုးမြှင့်ရန် စီစဉ်ထားသော စီမံချက်မှတွေ့ရှိချက်များကို ထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တွေ့ရှိချက်မှ CBEC သည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ တရုတ်နိုင်ငံအတွင်း ဈေးကွက်ရရှိမှု မြှင့်တင်နိုင်ရန် အခွင့်အလမ်းသစ်ကိုပေးကြောင်း၊ ၂၀၂၃ ခုနှစ် လေ့လာချက်အရ တရုတ် CBEC သွင်းကုန်များသည် ဘတ် ၂ ဒသမ ၇ ဘီလီယံခန့် ရောက်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ကိန်းဂဏန်းသည် ၂ ဆထိ တိုးတက်မှုရှိရန် ခန့်မှန်းထားကြောင်း၊ သွင်းကုန်များတွင် တံဆိပ်ကုန်ပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ မုန့်များ၊ အလှကုန်များ၊ ဖြည့်စွက်စာများ၊ ဖက်ရှင်ပစ္စည်းများနှင့် လက်မှုပညာပစ္စည်းများဖြစ်ကြောင်း ITD ဒုတိယအကြီးတန်းညွှန်ကြားရေးမှူး Mr. Wimon Punkong က ပြောကြားခဲ့သည်။

Harmonized System (HS) ကုဒ် ၁,၅၀၀ ကျော်သည် CBEC ဇုန်အတွင်းမှ တရုတ်သို့ တင်သွင်းရန်ကိုက်ညီမှုရှိသည့် စာရင်းတွင်ပါဝင်ကြောင်း၊ အဆိုပါထုတ်ကုန်များသည် အကောက်ခွန်နှင့် တန်ဖိုးမြင့်ခွန်သက်သာသည့် အကျိုးကျေးဇူးများရရှိကြောင်း၊ CBEC လမ်းကြောင်းမှ တရုတ်ဈေးကွက်သို့ ဝင်ရောက်ခြင်းသည် သမားရိုးကျ ကုန်သွယ်မှုနှင့်နှိုင်းယှဉ်ပါက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အကျိုးကျေးဇူးရရှိကြောင်း၊ အလားအလာကောင်းသော ကုန်စည်များမှာ လတ်ဆတ်သစ်သီးများ၊ ပြုပြင်ပြီးစိုက်ပျိုးရေးထုတ်ကုန်များ၊ ပြုပြင်ပြီးအစားအစာ၊ ကျန်းမာရေးနှင့်သက်ဆိုင်သည့် အစားအစာ၊ လက်ဝတ်ရတနာနှင့် အလှဆင်ပစ္စည်းများ၊ ယဉ်ကျေးမှုထုတ်ကုန်များနှင့် Soft power နှင့်ဆက်စပ်သည့် ထုတ်ကုန်များဖြစ်ကြောင်း Mr. Wimon က ဖြည့်စွက် ပြောကြားခဲ့သည်။

CBEC အတွက် လမ်းနှင့် မီးရထားလမ်းများကို မြှင့်တင်ပါက တရုတ်–အာဆီယံ ကုန်သွယ်မှုအတွက် CBEC အချက်အချာအဖြစ် ထိုင်းနိုင်ငံ၏တည်နေရာကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မြောက်ပိုင်းစီးပွားရေးစင်္ကြံနှင့် အရှေ့မြောက်စီးပွားရေးစင်္ကြံများရှိ ပြည်နယ်များတွင် CBEC အထောက်အကူပြုစင်တာများ တည်ထောင်စေလိုကြောင်း၊ အလားအလာရှိသောဒေသများမှာ ချင်းခုန်၊ နောင်ခိုင်၊ ဥဒုန်ဌာနီ၊ နခွန်ဖနွမ်နှင့် မုဒဟန်တို့ဖြစ်ကြောင်း၊ CBEC ဇုန်တွင် တရုတ်ပုံစံကို အသုံးပြုစေလိုပြီး ပြခန်းများနှင့် သိုလှောင်ရုံများရှိသော ချင်းခုန်သည် အလားအလာအကောင်းဆုံးဖြစ်ကြောင်း၊ အရေးပါသော ထုတ်ကုန်များအတွက် ငွေပေးချေမှုများတွင် ဘတ်–ယွမ် အသုံးပြုနိုင်ရေး ထိုင်းဗဟိုဘဏ်နှင့် တရုတ်အစိုးရတို့ ဆွေးနွေးရန် လိုအပ်မည်ဖြစ်ကြောင်း ထိုင်းစက်မှုလုပ်ငန်းအသင်းချုပ် အာဆီယံနှင့် ထောက်ပံ့ပို့ဆောင်ရေးဌာနခွဲက အကြံပြုသုံးသပ်ထားသည်။

Source: www.bangkokpost.com , စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/npt2312202410308

## အိန္ဒိယ၏ ဒီဇင်ဘာ ၁၅ ရက်အထိသကြားထုတ်လုပ်မှုသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့

အိန္ဒိယနိုင်ငံ၏ ၂၀၂၄–၂၅ ခုနှစ် သကြားထုတ်လုပ်မှုရာသီတွင် အီသနောအတွက် သကြားများပိုမိုအသုံးပြုခြင်းနှင့် မဟာရက်ရှ်ထရာနှင့် ကနာတာကာပြည်နယ်တို့တွင် ကြံကြိတ်ခွဲခြင်းလုပ်ငန်းများ နောက်ကျခြင်းကြောင့် သကြားထုတ်လုပ်မှုသည် ပြီးခဲ့သည့်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အိန္ဒိယသကြားနှင့် ဇီဝစွမ်းအင်ထုတ်လုပ်သူများအသင်း (ISMA) ကပြောကြားခဲ့သည်။

လက်ရှိ ရာသီတွင် ဒီဇင်ဘာလအထိ သကြားထုတ်လုပ်မှုသည် တန်ချိန် ၆၁ ဒသမ ၃၉ သိန်းသာရှိခဲ့ပြီး ယမန်နှစ်ကာလတူက တန်ချိန် ၇၄ ဒသမ ၀၅ သိန်းအထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ အီသနောအတွက် သကြားအားများပြားစွာ အသုံးပြုခြင်းသည် သကြားထုတ်လုပ်မှုကျဆင်းရခြင်း၏ အကြောင်းအရင်းတစ်ခုဖြစ်ကြောင်း ISMA မှ ပြောကြားထားသည်။

ယခုနှစ်တွင် အီသနောထုတ်လုပ်မှုအတွက် သကြားသုံးစွဲမှုသည် ပိုမိုများပြားမည်ဖြစ်ပြီး တန်ချိန် ၄၀ သိန်းဝန်းကျင်ရှိမည်ဟုခန့်မှန်းထားကြောင်း၊ ယမန်နှစ် အသုံးပြုမှု တန်ချိန် ၂၁ ဒသမ ၅ သိန်းသာရှိခဲ့ကြောင်း ISMA က ပြောကြားထားသည်။ ပြီးခဲ့သောနှစ်တွင် ဗဟိုအစိုးရသည် နိုင်ငံတွင်းသကြားဈေးနှုန်းများကို ထိန်းချုပ်ရန်အတွက် အီသနောထုတ်လုပ်မှုအတွက် သကြားအသုံးပြုမှုကို လျှော့ချခဲ့သည်။

မဟာရက်ရှ်ထရာနှင့် ကာနာတာကာပြည်နယ်တို့တွင် ရွေးကောက်ပွဲများကြောင့် ကြံကြိတ်ခွဲခြင်းလုပ်ငန်း စတင်မှုနှောင့်နှေးခြင်းသည် နိုင်ငံတွင်းသကြားထုတ်လုပ်မှုအရှိန်ကို နှေးကွေးစေခဲ့သည်။

ယခုနှစ်တွင် သကြားကြိတ်ခွဲသည့် လုပ်ငန်းလည်ပတ်သည့် စက်ရုံအရေအတွက်မှာ ၄၇၇ ရုံရှိပြီး ယမန်နှစ် အလားတူကာလတွင် စက်ရုံ ၄၉၆ ရုံရှိခဲ့ကြောင်း၊ ယခုနှစ်တွင် Karnataka တွင်ရှိသော သကြားစက်ရုံများသည် ကြိတ်ခွဲမှုများကို ၇ ရက်မှ ၁၂ ရက်လောက်အထိ နောက်ကျခဲ့ကြောင်း၊ မဟာရက်ရှ်ထရာရှိ သကြားစက်များသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၅ ရက်မှ ၂၀ ရက်ထိနောက်ကျခဲ့ကြောင်း၊ ထိုသို့ သကြားထွက်ရှိရာ အဓိကပြည်နယ်များတွင် သကြားကြိတ်ခွဲခြင်း စတင်မှုနောက်ကျခဲ့သော်လည်း အရေအတွက်၊ လုပ်ငန်းဆောင်ရွက်သည့်စက်ရုံများနှင့် ကြိတ်ခွဲမှုနှုန်းသည် ပိုမိုမြန်ဆန်သောနှုန်းဖြင့် ဆောင်ရွက်လျက်ရှိသည်ဟု ISMA မှ ပြော ကြားခဲ့သည်။

အထက်ပါ အချက်အလက်များအရ အိန္ဒိယနိုင်ငံသည် သကြားကိုအီသနောထုတ်လုပ်မှုတွင် အသုံးပြုမှုမြင့်မားခြင်းနှင့် ပြည်တွင်းစားသုံးမှုကြီးမားခြင်းကြောင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချမှု လျော့နည်းလာနိုင်မည်။ အခြားသောဒေသတွင်း သကြားစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံများအနေဖြင့် ဈေးကွက်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ကြောင်း သိရသည်။

Source: Economic Times, 17 December, 2024. ,စီးပွားရေးသံမှူး၊ နယူးဒေလီမြို့။,

Source: https://myantrade.gov.mm/article/npt-23120241156

## ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ဝါသီးနှံရာသီ၏ ပထမနှစ်လအတွင်း အိန္ဒိယနိုင်ငံ၏ ဝါဂွမ်းတင်သွင်းမှု ၃ ဆ တိုးတက်

ယခုနှစ် အောက်တိုဘာလမှစတင်သော ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ဝါသီးနှံ ရာသီ၏ ပထမနှစ်လအတွင်း အိန္ဒိယနိုင်ငံ၏ ဝါဂွမ်းတင်သွင်းမှု ၃ ဆတိုးတက်ခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁၈ ရက်ကဖော်ပြသည်။ ယခုနှစ် နိုဝင်ဘာလကုန်အထိ အဆိုပါ ဖိုင်ဘာ သီးနှံအား (၁၇၀ ကီလိုဂရမ်ပါ) ဘေထုပ် ၉ သိန်း (တန်ချိန် ၁ ဒသမ ၅၃ သိန်း) တင်သွင်းခဲ့ကြောင်း အိန္ဒိယဝါနှင့် ချည်မျှင်အသင်း (The Cotton Association of India-CAI) မှ နောက်ဆုံးရရှိသော အချက်အလက်များ အရသိရသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှ စက်တင်ဘာလအတွင်း ကမ္ဘာ့ဈေးကွက်တွင် ဝါဂွမ်းဈေးနှုန်းများ ကျဆင်းခဲ့သဖြင့် ဝါကြိတ်စက်ရုံများအနေဖြင့် ဝါဂွမ်းများတင်သွင်းရန် အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါ ဝါဂွမ်းများမှာ အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း အိန္ဒိယဆိပ်ကမ်းများသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်းသိရသည်။ ပြီးခဲ့သည့် စက်တင်ဘာလက တင်သွင်းရန် စာချုပ်ချုပ်ဆိုခဲ့သော ဝါဂွမ်းဘေထုပ် ၄ ဒသမ ၅ သိန်းခန့်သည် အချိန်အနည်းငယ်နောက်ကျပြီးမှ အောက်တိုဘာလတွင် ရောက်ရှိခဲ့ကြောင်း CAI ဥက္ကဋ္ဌ Atul Ganatra က ပြောကြားခဲ့သည်။ နိုဝင်ဘာလကုန်ပိုင်းအထိ အိန္ဒိယဆိပ်ကမ်းများသို့ ဝါဘေထုပ် ၉ သိန်း ရောက်ရှိရန် ခန့်မှန်းထားကြောင်း သိရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသို့ ဝါတင်သွင်းမှု ဘေထုပ် ၂၅ သိန်းခန့်ရှိကာ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်က ဘေထုပ် ၁၅ ဒသမ ၂၀ သိန်းသာ တင်သွင်းခဲ့သည့်အတွက် တင်သွင်းမှုတိုးမြင့်လာခဲ့ကြောင်း CAI က ခန့်မှန်းထားသည်။ ကမ္ဘာ့ဝါဈေးနှုန်းများကျဆင်းလာခြင်း၊ ပြည်တွင်းဝါစိုက်ဧရိယာကျဆင်းပြီး၊ ပြည်နယ်အများအပြားတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ဝါအထွက်နှင့်အရည်အသွေးကိုထိခိုက်စေမှုတို့ကြောင့် ယင်းကဲ့သို့ ဝါကို ပြည်ပမှဝယ်ယူတင်သွင်းမှုတိုးမြင့်လာခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၏ ဝါထုတ်လုပ်မှုသည် ဘေထုပ်ပေါင်း ၃၀၂ ဒသမ ၂၅ သိန်း (တန်ချိန် ၅ ဒသမ ၁၄ သန်းခန့်) သာရှိပြီး လွန်ခဲ့သောနှစ်က ၃၂၅ ဒသမ ၂၉ သိန်း (တန်ချိန် ၅ ဒသမ ၅၃ သန်းခန့်) ထုတ်လုပ်ခဲ့၍ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ ဝါထွက်ရှိမှုနည်းပါးပြီး ဝါကြိတ်စက်များမှ ဝယ်ယူမှုလျော့ကျလျက်ရှိသကဲ့သို့ ပြည်တွင်းဝါဈေးနှုန်းများသည် ကမ္ဘာ့ဈေးကွက် ဈေးနှုန်းများနှင့်အတူ လိုက်ပါကျဆင်း လာလျက်ရှိကြောင်း သိရသည်။

ဝါဈေးနှုန်းများသည် အစိုးရ၏ အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းအောက်သို့ ကျဆင်းလာသည့်အတွက် အစိုးရပိုင် အိန္ဒိယဝါနှင့် ချည်မျှင်ကော်ပိုရေးရှင်း (Cotton Corporation of India) သည် တောင်သူများထံမှ ဝါကို အများဆုံး ဝယ်ယူပေးခဲ့ပြီး၊ ဒီဇင်ဘာလလယ်အထိ ဝါဘေထုပ်ပေါင်း ၃၁ သိန်းကျော် ဝယ်ယူပြီးဖြစ်ကြောင်း သိရသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ရာသီအတွက် ဝါဖိုနှိပ်မှု ဘေထုပ်ပေါင်း ၃၀၂ ဒသမ ၂၅ သိန်းခန့်ရှိမည်ဟု CAI က ခန့်မှန်း ထားသည်။

ယခုနှစ် နိုဝင်ဘာလကုန်အထိ စုစုပေါင်း ဝါရောင်းလိုအားသည် ယခင်နှစ် စာရင်းဖွင့် လက်ကျန် ဘေထုပ် ၃၀ ဒသမ ၁၉ သိန်း၊ တင်သွင်းမှု ဘေထုပ် ၉ သိန်းနှင့် ဖိနှိပ်မှု ဘေထုပ် ၆၉ ဒသမ ၂၂ သိန်းခန့်အပါအဝင် ဘေထုပ်ပေါင်း ၁၀၈ ဒသမ ၄၁ သိန်းရှိမည်ဟု ခန့်မှန်းထားသည်။ ယခုနှစ် နိုဝင်ဘာလကုန်အထိ ပြည်ပသို့ ဝါတင်ပို့ရောင်းချမှု ဘေထုပ် ၄ သိန်းရှိကာ ပြီးခဲ့သည့်ရာသီ ကာလတူက ဘေထုပ် ၃ သိန်းသာတင်ပို့ခဲ့သည့်အတွက် တင်ပို့မှုတိုးမြင့်လာခဲ့သည်။ သို့သော် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၏ ဝါတင်ပို့မှုကိုကြည့်လျှင် ဘေထုပ် ၁၈ သိန်း သာရှိပြီး လွန်ခဲ့သော နှစ်က ဘေထုပ် ၂၈ ဒသမ ၃၆ သိန်းကျော်တင်ပို့ခဲ့သည့်အတွက် တင်ပို့မှု ဘေထုပ် ၁၀ ဒသမ ၃၆ သိန်း သို့မဟုတ် ၃၆ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလကုန်အထိ ဝါလက်ကျန်မှာ ဘေထုပ် ၅၀ ဒသမ ၄၁ သိန်းခန့်ရှိကာ ဘေထုပ် ၂၈ ဒသမ ၄၁ သိန်းမှာ အထည်ရက်စက်ရုံများအတွက်လည်းကောင်း၊ ကျန် ဘေထုပ် ၂၂ သိန်းမှာ အိန္ဒိယဝါနှင့် ချည်မျှင်ကော်ပို ရေးရှင်း၊ Maharashtra Federationနှင့် MNC များ၊ ကုန်သည်များနှင့် ဝါပြုပြင်ထုတ်လုပ်သူများအတွက်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင်ပြီးဆုံးမည့် ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ရာသီအတွက် ဝါ စုစုပေါင်း ရောင်းလိုအားကို ဘေထုပ် ၃၅၇ ဒသမ ၄၄ သိန်း (တန်ချိန် ၆ သန်းခန့်) ရှိမည်ဟု CAI က ခန့်မှန်းထားသည်။ ယင်းပမာဏတွင် စာရင်းဖွင့် လက်ကျန် ဘေထုပ် ၃၀ ဒသမ ၁၉ သန်း၊ ဖိနှိပ်မှုအရေအတွက် ဘေထုပ် ၃၀၂ ဒသမ ၂၅ သိန်းနှင့် ပြည်ပမှ တင်သွင်းမှု ဘေထုပ် ၂၅ သိန်းခန့်တို့ ပါဝင်ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ဝါစိုက်ပျိုးမှုဧရိယာကျဆင်းခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့်ဝါအထွက်နှုန်းနှင့်အရည်အသွေး ထိခိုက်ခြင်းနှင့် ပြည်တွင်းဝါဈေးနှုန်းများကျဆင်းခြင်းတို့ကြောင့် ဝါကို ပြည်ပမှဝယ်ယူတင်သွင်းမှု ၃ ဆခန့်တိုးမြင့်လာကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသို့ လက်ရှိတင်ပို့ရောင်းချလျက်ရှိသောနိုင်ငံများနှင့် ဈေးနှုန်း၊ အရည်အသွေးအရ ယှဉ်ပြိုင်ရောင်းချပေးနိုင်မည်ဆိုပါက ပြည်တွင်းသုံးစွဲမှုမှပိုလျှံသော မြန်မာ့ဝါဂွမ်းများကို တင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်းများရှိကြောင်း သုံးသပ်ရသည်။

Source: The Hindu Businessline, India's cotton imports up three-fold till Nov-end at 9 lakh bales, December 18, 2024., စီးပွားရေးသံမှူး၊ ကော်လကတ္တားမြို့။

Source: https://myantrade.gov.mm/article/npt-2312202456454

## ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့တင်ပို့မှုသည် မြင့်မားလျက်ရှိသော်လည်း ကုန်ကြမ်းရှားပါးလျက်ရှိ

ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့တင်ပို့မှုသည် ယခုနှစ် ၁၁ လအတွင်း တန်ဖိုးမြင့်မားခဲ့သော်လည်း ပို့ကုန်ထုတ်ကုန်များ ပြုပြင်ရန်အတွက် သီဟိုဠ်စေ့ကုန်ကြမ်းပမာဏအများအပြား တင်သွင်းနေရဆဲဖြစ်ကြောင်း ဖော်ပြထားသည်။

ကော်ဖီ၊ ဟင်းသီးဟင်းရွက်၊ ဆန်တို့နှင့်အတူ ယခုနှစ် ၁၁ လအတွင်း သီဟိုဠ်စေ့တင်ပို့မှုမှာ တန်ချိန် ၆၆၉,၀၀၀ ရှိပြီး ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈ ဘီလီယံ စံချိန်တင်ရရှိခဲ့ကြောင်း သိရသည်။ ယခင်နှစ်အလားတူကာလထက် ပို့ကုန်ပမာဏမှာ ၁၅ ဒသမ ၂ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၂၀ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အထွေထွေစာရင်းအင်းရုံး (GSO) ၏ အဆိုအရ သိရသည်။

ဗီယက်နမ်နိုင်ငံသည် အဓိကအားဖြင့် W320 ၊ W240 ၊ W180 သီဟိုဠ်စေ့အမျိုးအစားများ တင်ပို့ပြီး စုစုပေါင်းပမာဏ၏ ၆၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် စုစုပေါင်းတန်ဖိုး၏ ၇၀ ရာခိုင်နှုန်းရှိသည်။ ဗီယက်နမ်သည် မကြာသေးမီနှစ်များအတွင်း ကမ္ဘာ့ သီဟိုဠ်စေ့တင်ပို့မှုဈေးကွက်ရှိ ဦးဆောင်နေမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ပြီး ဤကဏ္ဍမှ ပို့ကုန်ဝင်ငွေနှစ်စဉ် အမေရိကန်ဒေါ်လာ ၃ ဘီလီယံမှ ၄ ဘီလီယံအကြားရှိကြောင်း ဖော်ပြထားသည်။

သို့ရာတွင် ဗီယက်နမ်၏ သီဟိုဠ်စေ့လုပ်ငန်းသည် ကမ္ဘောဒီးယားနှင့် အာဖရိကနိုင်ငံအချို့ကဲ့သို့သော အခြားနိုင်ငံများနှင့် ဒေသများ ပြိုင်ဆိုင်မှုများနှင့်အတူ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ဖော်ပြထားသည်။ စက်မှုလုပ်ငန်းသည် ယခုနှစ် ၁၁ လအတွင်း ပြည်ပပို့ကုန်များအတွက် သီဟိုဠ်စေ့ကုန်ကြမ်း တင်သွင်းခြင်း အတွက် အမေရိကန်ဒေါ်လာ ၃ ဘီလီယံ ကျော် သုံးစွဲခဲ့ရကြောင်း၊ ပို့ကုန်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈ ဘီလီယံရရှိရန်အတွက် ကုန်ကြမ်း တင်သွင်းမှုအပေါ် မှီခိုနေရသောကြောင့် ကုန်သွယ်မှုပိုငွေမှာ အမေရိကန် ဒေါ်လာ သန်း ၉၈၀ သာရှိခဲ့ကြောင်း ဖော်ပြထားသည်။

သီဟိုဠ်စေ့စက်ရုံများသည် ပြည်ပသို့တင်ပို့ရန်အတွက် နှစ်စဉ် သီဟိုဠ်စေ့ကုန်ကြမ်း တန်ချိန် ၃ သန်းမှ ၃ ဒသမ ၅ သန်း ခန့်လိုအပ်ပြီး ပြည်တွင်း၌ သီဟိုဠ်အကြမ်းထွက်ရှိမှုမှာ တန်ချိန် ၃၀၀,၀၀၀ မှ ၃၅၀,၀၀၀ ခန့် သာရှိကာ လိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း ရေးသားဖော်ပြထားသည်။

ပြည်တွင်းကုန်ကြမ်းရှားပါးမှုသည် သီဟိုဠ်စေ့လုပ်ငန်းအတွက် အသစ်အဆန်းမဟုတ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် စက်မှုလုပ်ငန်းသည် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၄ ဘီလီယံရရှိခဲ့ပြီး ကုန်ကြမ်းတင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၉ ဘီလီယံသုံးစွဲခဲ့ကြောင်း၊ ထို့ကြောင့် စက်မှုလုပ်ငန်း၏ ကုန်သွယ်မှုပိုငွေသည် ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၄၅၀ သန်းသာရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံအထိ မျှော်မှန်းထားပြီး သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံအထိ ရှိလာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ၎င်းသည် သီဟိုဠ်စေ့လုပ်ငန်းအတွက် အဓိကစိန်ခေါ်မှုများဖြစ်ပြီး ယခုနှစ်အစမှစတင်၍ ပြည်ပမှတင်သွင်းသော သီဟိုဠ်စေ့ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး သီဟိုဠ်စေ့လုပ်ငန်း အများအပြား၏ ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ၂၀ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်က ထုတ်ပြန်ခဲ့သော အမိန့်အမှတ် ၁၅၊ အပိုဒ် ၁၄ တွင် အပင်အခြေခံအစားအစာ တင်သွင်းမှုသည် ဗီယက်နမ်နိုင်ငံ၏ စံချိန်စံညွှန်းများနှင့်ကိုက်ညီသော အစားအစာဘေးကင်းရေးစနစ်ရှိသော နိုင်ငံများမှတင်သွင်းရမည်ဖြစ်ကြောင်းဖော်ပြထားသည်။ သို့ရာတွင် ဗီယက်နမ်၏ သီဟိုဠ်စေ့ကုန်ကြမ်း ၈၀ ရာခိုင်နှုန်းကိုပံ့ပိုးပေးသည့် အာဖရိကနိုင်ငံများသည် အဆိုပါစာရင်းတွင် မပါဝင်ကြောင်း ရေးသားဖော်ပြထားသည်။

ဆိုလိုသည်မှာ အာဖရိကမှ တင်သွင်းလာသော သီဟိုဠ်စေ့အားလုံးကို ပြည်ပသို့တင်ပို့ရန်အတွက်သာအသုံးပြုနိုင်ပြီး ပြည်တွင်းဈေးကွက်တွင် မည်သည့်အကြောင်းကြောင့်မျှရောင်းချ၍မရပေ။ ဗီယက်နမ် သီဟိုဠ်စေ့အသင်းမှ သီဟိုဠ်စေ့ပို့လျှံစာရင်းကိုကောင်းစွာစီမံခန့်ခွဲနိုင်ပါက ကုမ္ပဏီများအနေဖြင့်ဆုံးရှုံးမှုဖြစ်စေကာ ဒေဝါလီခံရနိုင်ဖွယ်အခြေအနေများအား အစိုးရထံ အဆိုပြုထားကြောင်း သိရသည်။

သီဟိုဠ်စေ့စိုက်ပျိုးသူများ၏ဝင်ငွေသည် လက်ရှိတွင် တစ်ဟက်တာလျှင် ဗီယက်နမ်ဒေါင် ၄၀ သန်းခန့်သာရှိပြီး လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ဈေးနှုန်းတည်ငြိမ်လုနီးပါးဖြစ်ခဲ့ကြောင်း၊ နှိုင်းယှဉ်ကြည့်ပါက ဂျရတ်ကောင်းစိုက်ပျိုးသူများ၏ဝင်ငွေသည် တစ်ဟက်တာလျှင် ဗီယက်နမ် ဒေါင် ၅၀၀ မှ ၆၀၀ သန်းအထိ မြင့်မားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့ကုမ္ပဏီများအနေဖြင့် ပို့ကုန်မြှင့်တင်ရန်နှင့် ကမ္ဘာ့ဈေးကွက်တွင်တည်ရှိမှုအားကောင်းစေရန်စီမံဆောင်ရွက်သင့်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော သီဟိုဠ်စေ့ကုန်ကြမ်းရရှိမှု သေချာစေရန်အတွက် စိုက်ပျိုးဧရိယာများ ချဲ့ထွင်ရန်လိုအပ်ကြောင်း ဖော်ပြထားသည်။

သို့ဖြစ်ရာ ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့ကုန်ကြမ်းလိုအပ်နေသည့် ဈေးကွက်သို့ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များအနက် သီဟိုဠ်စေ့ကုန်ကြမ်းတင်ပို့လိုသူများအတွက် နိုင်ငံခြားဝင်ငွေရရှိနိုင်မည့် ဈေးကွက်တစ်ခုဖြစ်ကြောင်း သုံးသပ်တင်ပြအပ်သည်။ Source: Vietnam News , (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟနွိုင်းမြို့)

Source: https://myantrade.gov.mm/article/npt-231220241563

## အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနသည် စိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရန်နှင့် ဈေးနှုန်းများလျှော့ချရန် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခဲ့

အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနသည် စိုက်ပျိုးရေးနှင့်စီးပွားရေးလုပ်ငန်းများတိုးတက်ရန်၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရန်နှင့် စားသုံးသူများအတွက် ဈေးနှုန်းများလျှော့ချရန် ပြည်နယ် ၉ ခု တွင် ဓာတ်မြေသြဇာ ထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အမေရိကန်စိုက်ပျိုးရေးဝန်ကြီးက ပြည်တွင်းကုန်ထုတ်လုပ်မှုကွင်းဆက်ရှိလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့်စိုက်ပျိုးထုတ်လုပ်သူများအတွက် ကုန်ကျစရိတ်လျှော့ချပေးပြီး ရွေးချယ်စရာပိုရှိမှုများပြားစေသည်ဟုပြောကြားခဲ့ပြီး ဓာတ်မြေသြဇာများကိုပြည်တွင်း၌ထုတ်လုပ်ခြင်းဖြင့် အမေရိကန်နိုင်ငံသားများကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ မိသားစုများ၏ ကုန်ကျစရိတ်လျှော့ချခြင်းနှင့် စိုက်ပျိုးထုတ်လုပ်သူများဝင်ငွေတိုးတက်ရန် တစ်ဖက်တစ်လမ်းကပံ့ပိုးပေးရာရောက်ကြောင်း၊ အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနသည် ကယ်လီဖိုးနီးယား၊ ကော်လိုရာဒို၊ ဂျော်ဂျီယာ၊ အင်ဒီးယားနား၊ အိုင်အိုဝါ၊ ကန်းဆက်၊ မီချီဂန်၊ အိုကလာဟိုးမားနှင့် ဝင်စကွန်စင် ပြည်နယ်များတွင် ဓာတ်မြေသြဇာထုတ်လုပ်သည့်အစီအစဉ်၌ အမေရိကန်ဒေါ်လာ ၁၁၆ သန်းကျော်ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနသည် ဓာတ်မြေသြဇာထုတ်လုပ်မှုတိုးချဲ့ဆောင်ရွက်ရေး အစီအစဉ်မှတစ်ဆင့် ပြည်နယ် ၃၄ ပြည်နယ်နှင့် ပေါ်တိုရီကိုနိုင်ငံတို့တွင် ဓာတ်မြေသြဇာထုတ်လုပ်သည့် စက်ရုံ ၇၆ ရုံ တည်ထောင်၍ အမေရိကန်ဒေါ်လာ ၅၁၇ သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီးဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများမှ ဓာတ်မြေသြဇာ တန်ချိန် ၁၁ ဒသမ ၈ သန်း နှစ်စဉ်ထုတ်လုပ်လျက်ရှိပြီး အလုပ်အကိုင်အရေအတွက် ၁,၃၀၀ ကျော် ဖန်တီးပေးခဲ့ကြောင်းနှင့် ဓာတ်မြေသြဇာထုတ်လုပ်မှုတိုးချဲ့ဆောင်ရွက်ရေးအစီအစဉ်သည် သမ္မတဂျိုးဘိုင်ဒင် အစိုးရလက်ထက်တွင် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။ စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။

Source: https://myantrade.gov.mm/article/Naypyitawstp_191220241150

## အိန္ဒိယနိုင်ငံ အီလက်ထရောနစ်လုပ်ငန်းများအသင်းမှ ပြည်ပမှီခိုမှုလျှော့ချရန် ရန်ပုံငွေ ရူပီး ၇၂၅၀၀ ကာရိုး (ကန်ဒေါ်လာ ၈ ဒသမ ၅၇ ဘီလီယံ) ပံ့ပိုးပေးရန် အစိုးရထံတင်ပြတောင်းဆို

အိန္ဒိယနိုင်ငံ အီလက်ထရောနစ်လုပ်ငန်းများအသင်း (Electronics Industries Association of India –ELCINA) မှ အီလက်ထရောနစ်ကဏ္ဍအတွက် ပြည်ပမှီခိုမှုလျှော့ချပြီး ပြည်တွင်း၌ ကုန်ကြမ်းပစ္စည်းထုတ်လုပ်မှု တိုးတက်ကောင်းမွန်စေရန် အထောက်အကူပြုမည့် ရန်ပုံငွေ ရူပီး ၇၂၅၀၀ ကာရိုး (ကန်ဒေါ်လာ ၈ ဒသမ ၅၇ ဘီလီယံ)အားပံ့ပိုးပေးရန် အစိုးရထံတင်ပြတောင်းဆိုခဲ့ကြောင်းသိရသည်။ ၂၀၃၀ ပြည့်နှစ်တွင် အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်မှုရည်မှန်းချက် ကန်ဒေါ်လာ ၅၀၀ ဘီလီယံရရှိရန် လိုအပ်သော အီလက်ထရောနစ် သွင်းအားစုများအတွက် ဝယ်လိုအားနှင့်ရောင်းလိုအား ကွာဟချက် ကန်ဒေါ်လာ ၂၄၈ ဘီလီယံ (ရူပီး ၂၁ သိန်းကာရိုး) အထိ ရောက်ရှိလာနိုင်သည့်အတွက်ဖြစ်ကြောင်း သိရသည်။

အဆိုပါကူညီထောက်ပံ့မှု အစီအစဉ်ကြောင့် အဆိုပါဝယ်လိုအားနှင့်ရောင်းလိုအား ကွာဟချက်ကို ကန်ဒေါ်လာ ၁၄၆ ဘီလီယံ (ရူပီး ၁၂ ဒသမ ၃၆ သိန်း ကာရိုး) အထိလျှော့ချနိုင်ပြီး၊ စုစုပေါင်း ကန်ဒေါ်လာ ၁၀၂ ဘီလီယံ(ရူပီး ၈ ဒသမ ၈၆ သိန်းကာရိုး)လျှော့ကျသွားမည်ဟုခန့်မှန်းထားကြောင်းသိရသည်။ အီလက်ထရောနစ်ပစ္စည်းအစိတ်အပိုင်းထုတ်လုပ်သူများ ရင်ဆိုင်နေရသောအခက်အခဲမှာ ကုန်ချောထုတ်လုပ်မှုကဲ့သို့ ကုန်ထွက်ပမာဏကို ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၁၆ ဆအထိ မရရှိနိုင်ဘဲ ၃ ဆသာရရှိနိုင်ကြောင်း ELCINA အထွေထွေအတွင်းရေးမှူးချုပ် Rajoo Goel က အလေးဂရုပြုပြောကြားခဲ့သည်။

အဆိုပါကဏ္ဍ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအနေဖြင့် အရင်းအနှီးမှ ပြန်ရချက်နိမ့်ကျခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုစရိတ်ကြီးမြင့်ခြင်းနှင့် အကျိုးအမြတ်ရရှိရန် ကာလရှည်ကြာခြင်းစသည့် အချက်များကြောင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် လက်နှေးတတ်ကြကြောင်း၊ ယင်းအချက်ကို ကုစားနိုင်ရန် အီလက်ထရောနစ် အစိတ်အပိုင်းထုတ်လုပ်ရေးကဏ္ဍတိုးချဲ့ရန်တွန်းအားပေးနိုင်မည့် လိုအပ်သောအရင်းအနှီးပစ္စည်းကိရိယာများအတွက် အသုံးစရိတ်ငွေ ကန်ဒေါ်လာ ၂ ဒသမ ၁၄ ဘီလီယံနှင့်

ထုတ်လုပ်မှုနှင့်ချိတ်ဆက်သော မက်လုံးပေး အစီအစဉ် (Production-linked incentives -PLI) အတွက် ကန်ဒေါ်လာ ၆ ဒသမ ၄၃ ဘီလီယံ အပါအဝင် စုစုပေါင်း ကန်ဒေါ်လာ ၈ ဒသမ ၅၇ ဘီလီယံ ခွင့်ပြုပေးရန် အစိုးရထံတင်ပြခဲ့ခြင်းဖြစ်ကြောင်း Goel က ရှင်းလင်းပြောကြားခဲ့သည်။

ELCINA ၏ အဆိုပြုတင်ပြချက်တွင် ကုန်ချောတစ်ခု၏ စုစုပေါင်းတန်ဖိုး၏ ၄၀ ရာခိုင်နှုန်း ပါဝင်သော တစ်ပိုင်းလျှပ်ကူးပစ္စည်းမဟုတ်သော အစိတ်အပိုင်းများကို အဓိကထားဖော်ပြကြောင်း၊ ၎င်းတို့မှာ ပုံနှိပ်ထားသောလျှပ်စီးပတ်လမ်းပြားများ၊ သေးငယ်သောအီလက်ထရောနစ်အစိတ်အပိုင်းများ၊ တစ်ပိုင်းလျှပ်ကူးကိရိယာငယ်များနှင့် သတ္တုအစိတ်အပိုင်းများဖြစ်ကြောင်း၊ အဆိုပါအခြေခံကိရိယာပစ္စည်းများသည် အီလက်ထရောနစ်ထုတ်ကုန်များ ထုတ်လုပ်ရာ၌ပါဝင်သော သွင်းအားစုစရိတ်အားလုံး၏ ၆၀ ရာခိုင်နှုန်းဝေစုကို ရယူထားကြောင်း သိရသည်။

အိန္ဒိယအစိုးရအနေဖြင့် အိန္ဒိယနိုင်ငံ တစ်ပိုင်းလျှပ်ကူးပစ္စည်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ထားပြီးဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ရူပီး ၁ ဒသမ ၅၂ သိန်း ကာရိုးအား ခွင့်ပြုထားပြီးဖြစ်သည်။ သို့သော် ELCINA အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် အလုပ်အကိုင်နေရာပေါင်း ၅၀ သိန်းခန့်အား ဖန်တီးပေးနိုင်သည့် လုပ်အားစူးစိုက် (labor-intensive) သော ကဏ္ဍဖြစ်သည့် တစ်ပိုင်းလျှပ်ကူးပစ္စည်းမဟုတ်သောအစိတ်အပိုင်းများ (non-semiconductor compone-nts) ကဏ္ဍကိုလည်း အလားတူ ပံ့ပိုးကူညီမှုပေးရန် အစိုးရထံ အလေးဂရုပြု တင်ပြထားခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါအတိုင်း အစိုးရမှ ဝင်ရောက်လုပ်ဆောင်ပေးခြင်းကြောင့် ၂၀၃၀ ပြည့်နှစ်တွင် နောက်ထပ် ရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ ၃၆ ဘီလီယံထပ်မံတိုးမြှင့်လာအောင် လှုံ့ဆော်နိုင်မည်ဟု Goel က ခန့်မှန်းထားသည်။ အစိုးရ၏ ပံ့ပိုးကူညီမှုမရှိ ပါက အဆိုပါ တစ်ပိုင်းလျှပ်ကူးပစ္စည်းမဟုတ်သော အစိတ်အပိုင်းများ ကဏ္ဍအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ကန်ဒေါ်လာ ၁၃ ဘီလီယံမှ ၂၀၃၀ ပြည့်နှစ်တွင် ကန်ဒေါ်လာ ၃၇ ဘီလီယံအထိ တိုးတက်လာရန်မျှော်မှန်းရပြီးကန်ဒေါ်လာ ၂၄၈ ဘီလီယံမျှ ကွာဟချက်ကြီးမားနေဦးမည်ဖြစ်ကြောင်းသိရသည်။

Source: The Trade Promotion Council of India, ELCINA seeks ₹72,500 Cr package to reduce import dependence, December 9, 2024, စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့။

Source: https://myantrade.gov.mm/article/Naypyitawstp_161220240107

## အမေရိကန်ပြည်ထောင်စုက စံသတ်မှတ်အတိုးနှုန်းလျှော့ချမှုကြောင့် တောင်ကိုရီးယားနိုင်ငံတွင် ရေတိုကာလအတွင်း ဈေးကွက်မတည်ငြိမ်မှုများ မြင့်တက်လာမည်ဟု စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးပြောကြား

အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က စံသတ်မှတ်အတိုးနှုန်းကို လျှော့ချလိုက်မှုကြောင့် ဘဏ္ဍာရေးနှင့် နိုင်ငံခြားငွေလဲလှယ်ရေး ဈေးကွက်များတွင် ရေတိုကာလအတွင်း မတည်ငြိမ်မှု မြင့်တက်လာမည်ဟု စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး Mr. Choi Sang-mok က ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် "ခဏတာစစ်အုပ်ချုပ်ရေးပြဋ္ဌာန်းမှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးအပေါ်ထိခိုက်စေမှုများ လျှော့ချရေးအစည်းအဝေး" တွင်ပြောကြားခဲ့သည်။ အဆိုပါအစည်းအဝေးသည် ဘဏ္ဍာရေးဝန်ကြီးနှင့် တောင်ကိုရီးယားဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Rhee Chang-yong အပါအဝင် ထိပ်တန်းဘဏ္ဍာရေးအရာထမ်းများအကြား ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နောက်ပိုင်း ပုံမှန်တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေး တစ်ခုဖြစ်သည်။

ဈေးကွက်မတည်ငြိမ်မှုများ ပိုမိုဆိုးဝါးလာပါက လက်ရှိဆောင်ရွက်နေသော ဈေးကွက်တည်ငြိမ်စေရေး အစီအမံများ အပြင် အခြားသောအစီအမံများကို ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့သော် အလွန်အကျွံတုံ့ပြန်ဆောင်ရွက်ခြင်းကို သတိပြုသင့်ကြောင်း၊ ဦးတည်ချက်တစ်ဖက်တွင် အလွန်အမင်းအားထည့်ဆောင်ရွက်ခြင်းသည် ၎င်း၏ ဆန့်ကျင်ဘက်တစ်ဖက်တွင် ပြင်းထန်သော တန်ပြန်လှုပ်ရှားမှုများဆီသို့ ဦးတည်သွားစေနိုင်ကြောင်း ဝန်ကြီး Mr. Rhee Chang-yong က သတိပေးပြောကြားခဲ့သည်။

Source:https://koreajoongangdaily.joins.com/news/2024-12-19/business/economy/Finance-minister-warns-of-shortterm-market-volatility-following-US-rate-cut/2204434 , စီးပွားရေးသံမှူး၊ ဆိုးလ်မြို့။

Source: https://myantrade.gov.mm/article/Naypyitawstp_201220240954

## အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်း သုည ဒသမ ၂၅ ရာခိုင်နှုန်းလျှော့ချခဲ့

အမေရိကန်ဗဟိုဘဏ်သည် ၂၀၂၄ ခုနှစ်တွင် တတိယအကြိမ်အတိုးနှုန်းလျှော့ချမှုအဖြစ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်တွင်ပြုလုပ်ခဲ့သည့် ဗဟိုဘဏ်အစည်းအဝေး၌ အတိုးနှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်း လျှော့ချခဲ့ပြီး အကယ်၍ ငွေကြေးဖောင်းပွမှုကျဆင်းမှုမရှိလျှင် ၂၀၂၅ ခုနှစ်တွင် အတိုးနှုန်းကို ၂ ကြိမ်သာ လျှော့ချသွားရန် ခန့်မှန်းထားသည်။

၂၀၂၂ ခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်းသည် လက်ရှိငွေကြေးဖောင်းပွမှုနှုန်းထက် ၂ ဆခန့်ရှိခဲ့ရာ ဗဟိုဘဏ်က အတိုးနှုန်းတိုးမြှင့်ကာတုံ့ပြန်ခဲ့သဖြင့် ဗဟိုဘဏ်၏ဆုံးဖြတ်ချက်သည် အမေရိကန်စီးပွားရေးကိုအထိနာစေနိုင်သည်ဟု စီးပွားရေးပညာရှင်များကခန့်မှန်းခဲ့ကြကြောင်း၊ သို့ရာတွင် ယင်းခန့်မှန်းချက်အတိုင်းဖြစ်မလာဘဲ ငွေကြေးဖောင်းပွမှုတည်ငြိမ်ခဲ့ပြီး ဗဟိုဘဏ်က အတိုးနှုန်းကိုပြန်လည်လျှော့ချနိုင်ခဲ့ကြောင်း၊ ဗဟိုဘဏ်သည် အတိုးနှုန်း ၅ ဒသမ ၃ ရာခိုင်နှုန်းမှ ၄ ဒသမ ၄ ရာခိုင်နှုန်းသို့ရောက်ရှိရန် ၃ ကြိမ် လျှော့ချခဲ့ကြောင်း၊ ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Jerome Powell က အတိုးနှုန်းကိုချိန်ညှိရန် သတိထားဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဗဟိုဘဏ်အနေဖြင့် ၂၀၂၅ ခုနှစ်တွင် အတိုးနှုန်းကို ၃ ဒသမ ၉ ရာခိုင်နှုန်းသို့ ရောက်ရှိရန်လျှော့ချသွားမည်ဟု ခန့်မှန်းထားပြီး အတိုးနှုန်းလျှော့ချမှုကို ၂၀၂၅ ခုနှစ်တွင် ၂ ကြိမ်၊ ၂၀၂၆ ခုနှစ်တွင် ၂ ကြိမ် နှင့် ၂၀၂၇ ခုနှစ်တွင် ၁ ကြိမ်ပြုလုပ်သွားမည်ဟု ခန့်မှန်းထားကြောင်း၊ ငွေကြေးဖောင်းပွမှုသည် လျော့ကျမှုမရှိဘဲ ဆက်လက်မြင့်တက်နေပါက အတိုးနှုန်းလျှော့ချရန် စဉ်းစားသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် အခြားကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်ပါက အလွန်ကောင်းမွန်လျက်ရှိသည်ဟု ဗဟိုဘဏ်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။ စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။

Source: https://myantrade.gov.mm/article/Naypyitawstp_191220241203

## ထိုင်းနိုင်ငံ၏ ပုစွန်ကဏ္ဍသည် ရောဂါဖြစ်ပွားမှုနှင့် ဈေးနှုန်းကျဆင်းမှုတို့ကြောင့် ထုတ်လုပ်မှုကျဆင်းနိုင်

ထိုင်းနိုင်ငံ၏ ပုစွန်ကဏ္ဍသည် ရောဂါဖြစ်ပွားမှုနှင့် ဈေးနှုန်းကျဆင်းမှုတို့ကြောင့် ထုတ်လုပ်မှုသည် တစ်နှစ်ထက်တစ်နှစ် ၄ ရာခိုင်နှုန်းကျဆင်းနိုင်ကြောင်း ထိုင်းပုစွန်အသင်းက ပြောကြားချက်အရ သိရသည်။

၂၀၂၃ ခုနှစ်တွင် ပုစွန်ထုတ်လုပ်မှုသည် တန်ချိန် ၂၈၀,၀၀၀ ရှိခဲ့သော်လည်း ယခုနှစ်အတွက် ပုစွန်ထုတ်လုပ်မှုသည် တန်ချိန် ၂၇၀,၀၀၀ သို့ ကျဆင်းသွားမည်ဟုခန့်မှန်းထားကြောင်း၊ ကျဆင်းရခြင်းမှာ ရောဂါဖြစ်ပွားခြင်းနှင့် ပုစွန်သားပေါက်များ၏ အရည်အသွေးနှင့်မွေးမြူသည့် အခြေအနေများကိုထိခိုက်နိုင်သည့် မတည်ငြိမ်သည့်ရာသီဥတု အခြေအနေများကြောင့်ဖြစ်ကြောင်း၊ ဈေးနှုန်းကျဆင်းခဲ့ခြင်းကလည်း တောင်သူအချို့၏ အသစ်မွေးမြူမည့်အခြေအနေကို ရွှေ့ဆိုင်းမှုဖြစ်စေကြောင်း၊ စိန်ခေါ်မှုများကိုတုံ့ပြန်သည့်အနေဖြင့် စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနသည် ပင်လယ်ပုစွန်ကဏ္ဍပြဿနာများကို အမျိုးသားရေးအစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်သင့်ကြောင်း၊ အဓိကစိုးရိမ်ရသည်မှာ ရှည်ကြာနေပြီဖြစ်သော early mortality syndrome (EMS)ဖြစ်ပြီး ယင်းသည် ၁၁ နှစ်ကြာ တောင်သူများကိုဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး တောင်သူများတစ်ဦးတည်း ဖြေရှင်းနိုင်သည်ထက်ကျော်လွန်နေကြောင်း အသင်း ဥက္ကဋ္ဌ Mr. Ekapoj Yodpinit က သုံးသပ်ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် ရောဂါပြဿနာကို ၃ နှစ်အတွင်းဖြေရှင်းရန် ထိရောက်သော အစီအမံများ အသုံးပြုစေလိုကြောင်း၊ အောင်မြင်သော ဆောင်ရွက်ချက်များဖြစ်ပါက တောင်သူများ၏ ထုတ်လုပ်မှုပန်းတိုင်များကိုလည်းရောက်ရှိပြီး အရည်အသွေးမြင့် အစားအစာများဈေးကွက်အတွင်းသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း၊ ပုစွန်ကဏ္ဍစိန်ခေါ်မှုများကို ဖြေရှင်းရန် အစိုးရအနေဖြင့် ဘတ် ၂ ဘီလီယံ လျာထားစေလိုကြောင်း၊ သို့မှသာ ဆုံးရှုံးမှုတန်ဖိုး ဘတ် ၆၀၀ သန်းကို ကာမိစေမည်ဖြစ်ပြီး ပုစွန်ထုတ်လုပ်မှုကို ၃ နှစ်အတွင်း တန်ချိန် ၄၀၀,၀၀၀ သို့ ရောက်ရှိစေမည်ဖြစ်ကြောင်း၊ နိုင်ငံအထက်ပိုင်းမှ ပုစွန် ၃၇ ရာခိုင်နှုန်း၊ အောက်ပိုင်း(အက်ဒမန်ပင်လယ်)မှ ၂၃ ရာခိုင်နှုန်း၊ အရှေ့ပိုင်းမှ ၂၀ ရာခိုင်နှုန်း၊ အလယ်ပိုင်းမှ ၁၀ ရာခိုင်နှုန်းနှင့် တောင်ပိုင်းအောက်ဖက်ဒေသများ(ပင်လယ်ကွေ့)မှ ၁၀ ရာခိုင်နှုန်း အသီးသီးထုတ်လုပ်လျက်ရှိကြောင်း Mr. Ekapoj က ဖြည့်စွက်ပြောကြားခဲ့သည်။

ကမ္ဘာ့ပုစွန်ထုတ်လုပ်မှုသည်လည်း တန်ချိန် ၅ ဒသမ ၀၄ သန်းဖြင့် ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အဓိကထုတ်လုပ်သူများဖြစ်သည့် တရုတ်၊ အီကွေဒေါ၊ အိန္ဒိယနှင့် ဗီယက်နမ်တို့ကလည်း ပုစွန်ထုတ်လုပ်မှုကျဆင်းကြောင်း ထုတ်ပြန်ထားခဲ့ကြောင်း၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ထိုင်းနိုင်ငံသည် ပုစွန် ၁၀၉,၀၄၈ တန်တင်ပို့ခဲ့ပြီး ဘတ် ၃၄ ဘီလီယံ ရရှိထားကြောင်း၊ ၂၀၂၄ ခုနှစ်အတွက် ပုစွန်တန်ချိန် ၁၂၀,၀၀၀ မှ ၁၃၀,၀၀၀ ကြားတင်ပို့ရန်မှန်းထားသော်လည်း EMS ဆက်လက်တည်ရှိနေပါက ၂၀၂၅ ခုနှစ်တွင် ပို့ကုန်သည် ပမာဏ သာမက တန်ဖိုးပါ ကျဆင်းနိုင်ကြောင်း အသင်းကမှတ်ချက်ပြုထားသည်။

ထိုင်းပုစွန်၏ အဓိက ဈေးကွက်များမှာ ဂျပန်၊ အမေရိကန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ် တို့ဖြစ်ကြောင်း၊ အီကွေဒေါသည် ကမ္ဘာ့အကြီးဆုံး ပုစွန်ထုတ်လုပ်သူဖြစ်ပြီး ထိုင်းပို့ကုန်၏ ပြိုင်ဘက်ဖြစ်ကြောင်း၊ အီကွေဒေါသည် ပုစွန်တန်ချိန် ၁ ဒသမ ၃ သန်းမှ ၁ ဒသမ ၄ သန်းကြား နှစ်စဉ်ထုတ်လုပ်လျက်ရှိပြီး GDP ၏ ၂၀ ရာခိုင်နှုန်းဖြစ်ကြောင်း Mr. Ekapoj က ပြောကြားထားသည်။ Source: www.bangkokpost.com ၊

စီးပွားရေးသံမှူး၊ ဘန်ကောက်မြို့။

Source: https://myantrade.gov.mm/article/npt-171220241030

## အီသီယိုးပီးယားသည် တရုတ်နိုင်ငံသို့ ကော်ဖီ ပိုမိုတင်ပို့သွားရန် မျှော်မှန်းထား

တရုတ်နိုင်ငံသည် အီသီယိုးပီးယားကော်ဖီတင်ပို့မှု၏ ထိပ်တန်းနေရာများအနက်မှ တစ်ခုဖြစ်လာသောကြောင့် အီသီယိုးပီးယားအစိုးရသည် လျင်မြန်စွာကြီးထွားလာသော တရုတ်ကော်ဖီဈေးကွက်ကို ထပ်မံထိုးဖောက်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း သိရသည်။

Ethiopian Coffee and Tea Authority (ECTA)မှ တာဝန်ရှိသူများသည် အရှေ့အာဖရိကရှိ အီသီယိုးပီးယားနိုင်ငံ၏ ကော်ဖီကို စိတ်ဝင်စားသော တရုတ်စီးပွားရေးကိုယ်စားလှယ်များနှင့်ဆွေးနွေးခဲ့ကြောင်း ECTA က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ဆွေးနွေးမှုအတွင်း တရုတ်နိုင်ငံသည် အီသီယိုးပီးယားကော်ဖီကို တင်သွင်းသည့်ထိပ်တန်း ၁၀ နိုင်ငံအနက်မှ တစ်နိုင်ငံဖြစ်လာသောကြောင့် တရုတ်ဈေးကွက်သည် အီသီယိုးပီးယား ကော်ဖီတင်ပို့ရောင်းချသူများအတွက် ပို၍အရေးပါလာကြောင်းကို ECTA မှ တာဝန်ရှိသူများနှင့် အီသီယိုးပီးယား ကော်ဖီတင်ပို့ရောင်းချသူများက အလေးပေးပြောကြားခဲ့သည်ဟု သိရသည်။

မကြာသေးမီနှစ်များအတွင်း အီသီယိုးပီးယားမှ တရုတ်နိုင်ငံသို့ ကော်ဖီတင်ပို့မှုအရှိန်အဟုန်ဖြင့်မြင့်တက်လာကြောင်းနှင့် တရုတ်လူမျိုးများအကြားတွင် ကော်ဖီသောက်သုံးသူများပြားလာပြီး အီသီယိုးပီးယားကော်ဖီ၏ လူကြိုက်များမှုမြင့်တက်လာခြင်းသည် အီသီယိုးပီးယား၏ ကော်ဖီတင်ပို့မှုဈေးကွက်ကို တွန်းအားပေးလျက်ရှိကြောင်း အီသီယိုးပီးယားမှ တာဝန်ရှိသူများနှင့် ကော်ဖီတင်ပို့ရောင်းချသူများက ပြောကြားခဲ့သည်ဟု သိရသည်။

အီသီယိုးပီးယားမှ ကော်ဖီကို တိုက်ရိုက်တင်သွင်းသည့် တရုတ်ကော်ဖီဝယ်သူများ သိသိသာသာ တိုးလာ ခြင်းကြောင့် လွန်ခဲ့သည့် သုံးနှစ်အတွင်း တရုတ်နိုင်ငံသို့ အီသီယိုးပီးယား ကော်ဖီတင်ပို့မှုပမာဏသည် နှစ်စဉ်ပျမ်းမျှ ၂၇ ရာခိုင်နှုန်း တိုးလာကြောင်း အာဏာပိုင်များ၏ အချက်အလက်များအရ သိရသည်။

ကော်ဖီထုတ်လုပ်မှုတွင် ကျော်ကြားသော အီသီယိုးပီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင် လ ၇ ရက်နေ့ တွင် ပြီးဆုံးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံ ရရှိခဲ့ကြောင်းနှင့် လက်ရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အဆိုပါပမာဏကို အမေရိကန်ဒေါ်လာ ၂ ဘီလီယံအထိ တိုးမြှင့်သွားရန် ရည်မှန်းထားကြောင်း သိရသည်။

အာရေးဗီကားကော်ဖီ၏ မူလအစအဖြစ် သတ်မှတ်ခံထားရသော အီသီယိုးပီးယားနိုင်ငံသည် အာဖရိက၏ အကြီးဆုံးကော်ဖီထုတ်လုပ်သူနှင့် တင်ပို့ရောင်းချသူဖြစ်ပြီး ကော်ဖီထုတ်လုပ်မှုကို စိုက်ပျိုးရေးဦးဆောင်သော နိုင်ငံ့စီးပွားရေး၏ အဓိကကျောရိုးအဖြစ် သတ်မှတ်ထားကြောင်း၊ ၎င်း၏ကောင်းမွန်သည့် ကော်ဖီအရည်အသွေးနှင့် အရသာများကြောင့် ၎င်း၏ ကော်ဖီသည် ကမ္ဘာတစ်ဝန်းတွင် ဝယ်လိုအားမြင့်မားလျက်ရှိကြောင်း သိရသည်။

Source: en.people.cn/n3/2024/1210/c90000-20252089.html , (စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp-171220241040

## ထိုင်းနိုင်ငံသို့ တရုတ်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး ဆွဲဆောင်သွားမည်ဖြစ်ကြောင်း ထိုင်းစက်မှုဇုန် အာဏာပိုင်က ပြောကြားခဲ့

ထိုင်း-တရုတ် ပူးပေါင်းဆောင်ရွက်မှုအသစ်ဖြစ်သော နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ပေးမည့် “Two Countries, Twin Parks” မှတစ်ဆင့် ထိုင်းနိုင်ငံအတွင်းသို့ တရုတ်ရင်းနှီးမြှုပ်နှံသူများ ပိုမိုဝင်ရောက်လာစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းစက်မှုဇုန်အာဏာပိုင်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံကို တရုတ်ရင်းနှီးမြှုပ်နှံသူများ၏ အဓိက ရင်းနှီးမြှုပ်နှံရာနေရာဖြစ်စေလိုပြီး အစိုးရအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း Two Countries, Twin Parks အတွက် ထိုင်းစက်မှုဇုန်အာဏာပိုင်နှင့် တရုတ်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး၏ အန်ဟွေ့(Anhui) ပြည်နယ်ဦးစီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် ထိုင်းစက်မှုဝန်ကြီး H.E Mr. Akanat Promphan က ပြောကြားခဲ့သည်။

နားလည်မှုစာချွန်လွှာသည် ထိုင်းနိုင်ငံစက်မှုဇုန်ရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင် တရုတ်ရင်းနှီးမြှုပ်နှံသူများကို ပိုမိုဝင်ရောက်လာစေရန် မျှော်မှန်းထားကြောင်း၊ ထိုင်းအစိုးရ၏ နိုင်ငံကို ဒေသတွင်းလျှပ်စစ် မော်တော်ကားအချက်အချာဖြစ်စေရမည့် မူဝါဒကြောင့် အဆိုပါကဏ္ဍတွင် တရုတ်ရင်းနှီးမြှုပ်နှံသူအရေအတွက် မြင့်တက်လာလျက်ရှိကြောင်း၊ “30@30” မူဝါဒအရ ၂၀၃၀ ပြည့်နှစ်တွင် Zero-emission မော်တော်ကား အစီးရေ ၇၂၅,၀၀၀ စီး၊ လျှပ်စစ်မော်တော်ဆိုင်ကယ် ၆၇၅,၀၀၀ စီးနှင့် လျှပ်စစ်ဘတ်စကားနှင့် ကုန်တင်ကား ၃၄,၀၀၀ စီးတို့ဖြင့် မော်တော်ကား ထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းကို လျှပ်စစ်မော်တော်ကား များဖြစ်ရန်ဖြစ်ကြောင်း၊ တရုတ်လျှပ်စစ်မော်တော်ကား ထုတ်လုပ်သူများဖြစ်သည့် BYD နှင့် Great Wall Motor တို့သည် ထိုင်းနိုင်ငံတွင် လျှပ်စစ်မော်တော်ကား တပ်ဆင်မှုကို စတင်နေပြီဖြစ်ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

တရုတ်ရင်းနှီးမြှုပ်နှံသူများသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အစားအစာကဏ္ဍရှိ သုတေသနနှင့်ဖွံ့ဖြိုးမှုတို့တွင် စိတ်ဝင်စားမှုရှိကြောင်း၊ "Two Countries, Twin Parks" သည် ကုန်းနှင့်ရေလမ်း အခြေခံအဆောက်အဦများကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးကို အရှေ့တောင်အာရှ၊ အာဖရိကနှင့် ယူရေးရှားတို့နှင့် ချိတ်ဆက်ပေးရန်ရည်ရွယ်သည့် ပေကျင်း Belt and Road Initiatives (BRI) ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် လာအိုမြို့တော်မှ တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ယူနန်ပြည်နယ်သို့ အမြန်ရထားလမ်းချိတ်ဆက်ထားသည့် ဗီယင်ကျန်းသို့ ရထားပြေးဆွဲလျက်ရှိကြောင်း၊ Two Countries, Twin Parks သည် တရုတ်ရင်းနှီးမြှုပ်နှံသူများစွာ သယ်ဆောင်လာမည်ဟု ယုံကြည်ကြောင်း ထိုင်းစက်မှုဇုန်အာဏာပိုင် ခေတ္တဥက္ကဋ္ဌ Mr. Sumet Thangprasert က ပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ် ပထမ ၉ လအတွင်း စင်ကာပူသည် ရင်းနှီးမြှုပ်နှံမှု တန်ဖိုး ဘတ် ၁၈၁ ဘီလီယံဖြင့် ပထမ၊ တရုတ်သည် ဘတ် ၁၁၄ ဘီလီယံဖြင့် ဒုတိယဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့က ထုတ်ပြန်ထားသည်။ Source: www.bangkokpost.com , စီးပွားရေးသံမှူး၊ ဘန်ကောက်မြို့။

Source: https://myantrade.gov.mm/article/npt-171220241016

## ဗီယက်နမ်-တရုတ် ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ နီးပါးရှိလာ

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံအကြား နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၈၅ ဒသမ ၄ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး စံချိန်သစ်တင်ကာ အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံနီးပါးရှိကြောင်း အထွေထွေစာရင်းအင်းရုံး (GSO) ၏ ထုတ်ပြန်သော နောက်ဆုံးအစီရင်ခံစာအရ သိရသည်။

အထူးသဖြင့် တရုတ်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၂ ဘီလီယံရှိပြီး တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၁၃၀ ဒသမ ၂ ဘီလီယံရှိကြောင်း၊ နှစ်နိုင်ငံအကြား ပျမ်းမျှ ကုန်သွယ်မှုပမာဏသည် တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၈ ဘီလီယံရှိကြောင်း ရေးသားဖော်ပြထားသည်။

ထိုကဲ့သို့ ပို့ကုန်တိုးတက်မှုနှုန်းကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဆိုပါက နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ယခုနှစ်တွင် နိုင်ငံပို့ကုန်စုစုပေါင်း၏ လေးပုံတစ်ပုံနီးပါးနှင့် ညီမျှသော စံချိန်သစ်ဖြစ်သည့် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံအထိ ရှိလာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လက်ရှိအချိန်ထိ ဗီယက်နမ်နိုင်ငံ၏လယ်ယာထွက်ကုန်များသည် တရုတ်ဈေးကွက်သို့အဓိကတင်ပို့နေသည့် ကုန်ပစ္စည်းဖြစ်ပြီး ၂၀၂၄ ခုနှစ် ၁၀ လ အတွင်း တရုတ်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံ၏ လယ်ယာထွက်ကုန်တင်ပို့မှု တန်ဖိုးသည်အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနီးပါးရောက်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၁ ဒသမ ၆ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း ဖော်ပြထားသည်။

ယနေ့အချိန်အထိ ဗီယက်နမ်နိုင်ငံမှ ဒူးရင်း၊ ငှက်သိုက်၊ ကန်စွန်းဥ၊ နဂါးမောက်သီး၊ လေချူသီး၊ ကြက်မောက်သီး၊ သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ငှက်ပျောသီး၊ ကျောက်ကျောမဲ၊ မင်းဂွတ်သီး၊ လိုင်ချီးနှင့် ပင်မှည့်သီး အပါအဝင် လယ်ယာထွက်ကုန် ၁၄ မျိုး တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့လျက်ရှိကြောင်း သိရသည်။

အဆိုပါပို့ကုန်များအနက် ဒူးရင်းနှင့်နဂါးမောက်သီးကဲ့သို့သော လယ်ယာထွက်ကုန်အများအပြားသည် တရုတ်စားသုံးသူများအကြား ရေပန်းစားလာကာ ဗီယက်နမ်မှ တင်သွင်းမှုပမာဏမှာ အာဆီယံဒေသမှ တင်သွင်းသည့် စိုက်ပျိုးရေးထွက်ကုန်စုစုပေါင်း၏ ငါးပုံတစ်ပုံရှိကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံအထွေထွေစာရင်းရုံး(GSO)၏ အဆိုအရ ပြီးခဲ့သည့်နှစ်က နှစ်နိုင်ငံအကြား စုစုပေါင်းပို့ကုန်သွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၉ ဘီလီယံရှိကြောင်း ဖော်ပြထားသည်။

Source: https://en.dangcongsan.vn , (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟန္နိုင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_131220240414

## ယူအေအီး-အိန္ဒိယ စီးပွားရေးလုပ်ငန်းငယ်များပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်အတွက် Founders' Retreat စီးပွားရေးဖိုရမ်တစ်ရပ်ကို ယူအေအီးနိုင်ငံမှ လက်ခံကျင်းပခဲ့

ယူအေအီးနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ထိပ်တန်းစီးပွားရေးလုပ်ငန်းစတင်တည်ထောင်သူများ (start-ups)၊ အဓိကစီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့်မူဝါဒချမှတ်သူများ စုစုပေါင်း ၆၀ ဦးကျော်တို့အားစုစည်း၍ ပထမဆုံးသော Founders' Retreat စီးပွားရေးလုပ်ငန်းရှင်များ၏စုစည်းမှု ဖိုရမ်တစ်ရပ်ကို ဒီဇင်ဘာ ၆ ရက် နေ့မှ ၈ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါစုစည်းမှုဖိုရမ်သည် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုအတွက် လမ်းကြောင်းသစ်များကိုရှာဖွေရန်နှင့် နှစ်နိုင်ငံအကြား ပိုမိုနက်ရှိုင်းသောပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဒေလီရှိယူအေအီးနိုင်ငံသံရုံး၊ Offline ကွန်ရက်ချိတ်ဆက်မှုအဖွဲ့နှင့် ယူအေအီး-အိန္ဒိယ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်(CEPA) ကောင်စီတို့မှ ပူးပေါင်းစီစဉ်ကျင်းပသည့် အဆိုပါဖိုရမ်သည် အသွင်ပြောင်းမိတ်ဖက်များအတွက် လမ်းကြောင်းတစ်ခုအဖြစ်ဆောင်ရွက်ခဲ့ပြီး ဆန်းသစ်တီထွင်မှုနှင့် စီးပွားရေးတိုးတက်မှုတို့အတွက် နှစ်နိုင်ငံစလုံး၏

တူညီသောကတိကဝတ်ကို နောက်ခံထားရှိသည်။ ပါဝင်တက်ရောက်ကြသည့် စီးပွားရေးလုပ်ငန်းများတွင် ပျမ်းမျှတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံပမာဏအထိ ရှိကြောင်းဖော်ပြခဲ့ပြီး စီးပွားရေးလုပ်ငန်းတစ်ခု လျှင်ပမာဏတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဘီလီယံနှင့် အထက်ရှိသော အိန္ဒိယ Unicorn ပုဂ္ဂ လိကစီးပွားရေးလုပ်ငန်းတည်ထောင်သူ ၁၃ ဦးနှင့် အများပြည်သူ စာရင်းသွင်းထားသော ကုမ္ပဏီငါးခုတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ယူအေအီးနိုင်ငံသည် ၂၀၀၀ ခုနှစ်ကတည်းကအိန္ဒိယနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံနီးပါးကို ရင်းနှီးမြှုပ်နှံခဲ့ပြီး အိန္ဒိယနိုင်ငံ၏ start-up စီးပွားရေးလုပ်ငန်းကဏ္ဍတိုးတက်မှုများကို တွန်းအားပေးခဲ့သည်။ CEPA အောက်တွင် တည်ဆောက်ထားသော ယူအေအီး-အိန္ဒိယ Start-up Bridge ကဲ့သို့သောအစပြု ဆောင်ရွက်မှုများသည် ဤမိတ်ဖက် ဆက်ဆံရေးကို ပိုမိုခိုင်မာစေခဲ့ကြောင်း ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံဆိုင်ရာယူအေအီးသံအမတ်ကြီး Dr. Abdulnasser Alshaali က အဆိုပါ Founders' Retreat စီးပွားရေးဖိုရမ်အား "စွန့်ဦးတီထွင်မှုဆိုင်ရာ ထူးချွန်မှုအထိမ်းအမှတ်ပွဲနှင့် ပိုမိုလေးနက်သော ပူးပေါင်းဆောင်ရွက်မှုအတွက် ကတိကဝတ်ပြုခြင်း" ဟုခေါ်ဆိုခဲ့သည်။

Offline ကွန်ရက်ချိတ်ဆက်မှုအဖွဲ့တည်ထောင်သူ Utsav Somani က ယူအေအီး-အိန္ဒိယ စတင်ပူးပေါင်းဆောင်ရွက်မှုအတွက် တွန်းအားတစ်ခုအဖြစ် ယူအေအီးနိုင်ငံ၏အမြော်အမြင်ရှိသောပံ့ပိုးကူညီမှုဖြင့် အိန္ဒိယ၏စွန့်ဦးတီထွင်နိုင်စွမ်းကို အဆိုပါဖိုရမ်ဖြင့်ပေါင်းစပ်ပေးနိုင်ခဲ့ကြောင်း အလေးထားပြောကြားခဲ့သည်။

မှတ်တိုင်တစ်ရပ်ဖြစ်ခဲ့သည့် အဆိုပါဖိုရမ်တွင် အိန္ဒိယနိုင်ငံရှိ GIFT City တွင် အဘူဒါဘီရင်းနှီးမြှုပ်နှံမှု အာဏာပိုင်အဖွဲ့၏ ရန်ပုံငွေရင်းနှီးမြှုပ်နှံမှုကဲ့သို့သော စီးပွားရေးလုပ်ငန်းအစပျိုးမှုများအပါအဝင် အိန္ဒိယနိုင်ငံတွင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှု ခြေရာများကိုချဲ့ထွင်ရန်အတွက် ယူအေအီးနိုင်ငံ၏အပ်နှံမှု ကိုထပ်မံအတည်ပြုခဲ့သည်။ နိုင်ငံနှစ်ခုလုံးမှစီးပွားရေးလုပ်ငန်းဦးဆောင်သူများကို ချိတ်ဆက်ဆောင်ရွက်ပေးခြင်းအားဖြင့် ဤ Retreat ဖိုရမ်သည် စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှုတို့အတွက် ကမ္ဘာလုံးဆိုင်ရာစံနမူနာကိုပြသနိုင်ခဲ့ကြောင်း သတင်းဌာနမှဖော်ပြထားသည်။

Source: Emirates News Agency,, Economic Counsellor (Dubai)

Source: https://myantrade.gov.mm/article/Naypyitawstp_131220240146

## ရုရှားနှင့် မြန်မာနိုင်ငံအကြား ဗီဇာကင်းလွတ်ခွင့် ခရီးသွားလာမှုကို ၂၀၂၅ ခုနှစ်၊ နှစ်စပိုင်းတွင် စတင်နိုင်မည်

ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ်အစတွင်ရုရှားနှင့် မြန်မာကြား ဗီဇာကင်းလွတ်ခွင့်စနစ်ကို စတင်နိုင်ရန်စီစဉ်နေကြောင်း ယင်းဝန်ကြီးဌာန၏ဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အထူးစီမံကိန်းများဌာနအကြီးအကဲ Mr. Nikita Kondratyev က ပြောကြားခဲ့သည်။

ရုရှား-မြန်မာနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးညှိနှိုင်းမှုများပြီးဆုံးသွားပြီဖြစ်ပြီး လာမည့်နှစ်အစပိုင်းတွင် ယင်းလုပ်ငန်းစဉ်များ၏ သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်မည်ဟုမျှော်လင့်ကြောင်း ၎င်းကပြောကြားခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံသို့သွားရောက်မည့် ရုရှားနိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့်စနစ်ကို မြန်မာနိုင်ငံဘက်က တစ်ဖက်သတ်ပေးအပ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက TASS သတင်းဌာနနှင့် အင်တာဗျူးတွင် မြန်မာ- ရုရှား နှစ်နိုင်ငံ နိုင်ငံသားများဗီဇာကင်း လွတ်ခွင့်စနစ်ဖြင့် ခရီးသွားလာနိုင်ရေးအတွက် မြန်မာနိုင်ငံသည် ရုရှားနိုင်ငံနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရန် ပြင်ဆင်နေကြောင်း ပြောကြားခဲ့သည်။

မြန်မာ-ရုရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်အတွက် မြန်မာ-ရုရှား တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲခြင်းကို မြန်မာအမျိုးသားလေကြောင်းလိုင်း(MAI)မှ ရန်ကုန်-မန္တလေး-နိုဗိုစီဗစ် ခရီးစဉ်အား ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။

Source : https://tass.ru/ekonomika/22594753 , (စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source:https://myantrade.gov.mm/article/Naypyitawstp-121220240420

## ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန နှင့် တရုတ်နိုင်ငံ၊ ဂန်စူးပြည်နယ်တို့အကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံ၊ ဂန်စူးပြည်နယ်တို့အကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် ၃ နှစ်ကြာ သက်ရောက်မှုရှိမည့် နားလည်မှုစာချွန်လွှာတစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါ စာချွန်လွှာသည် ထိုင်းစီးပွားရေးလုပ်ငန်းများအထူးသဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများကို ဂန်စူး ပြည်နယ်နှင့် တရုတ်အနောက်ပိုင်းဒေသတွင် အခွင့်အလမ်းများရှာဖွေပေးရာ၌ အထောက်အပံ့ပေးရန်နှင့် နှစ်နိုင်ငံ စီးပွားရေး အကျိုးကျေးဇူးများကို မြှင့်တင်သွားရန်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ဗဟိုအပိုင်းတွင်တည်ရှိသော ဂန်စူးသည် ဝန်ကြီးဌာနအတွက် အရေးပါသော ပြည်နယ်တစ်ခုဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကုန်းလမ်း-ရေလမ်း ကုန်သွယ်ရေးစင်္ကြံသစ်တစ်လျှောက် ထောက်ပံ့ ပို့ဆောင်ရေးအဖြစ် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ထိုင်းထုတ်ကုန်များကို တရုတ်အနောက်ပိုင်းသို့ ဖြန့်ဝေပေးရာတွင် လွယ်ကူ ချောမွေ့စေကြောင်း ဝန်ကြီး H.E Mr. Picahi Naripthaphan က ပြော ကြားခဲ့သည်။

နားလည်မှုစာချွန်လွှာသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒဆိုင်ရာ သတင်းအချက်အလက်များမျှဝေခြင်း၊ ပူးတွဲလုပ်ငန်းများတည်ထောင်ခြင်း၊ ကုန်စည်ပြပွဲများတွင် ပါဝင်ဆောင်ရွက်မှုကို အားပေးခြင်းနှင့် ဗဟုသုတမျှဝေခြင်းအပါအဝင် ပူးပေါင်းဆောင်ရွက်မှုအတွက် အဓိကနယ်ပယ်များကို လွှမ်းခြုံပြီး အစားအစာ၊ စိုက်ပျိုးရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် e-commerce ကိစ္စရပ်များလည်းပါဝင်ကြောင်း၊ ၂၀၂၅ ခုနှစ် ထိုင်းနှင့် တရုတ်နိုင်ငံတို့အကြား နှစ် ၅၀ ပြည့်သံတမန်ဆက်ဆံရေး အခမ်းအနားကျင်းပရန်အတွက် တရုတ်ပြည်နယ်များစွာတွင် ကုန်သွယ်မှုမြှင့်တင်ရေးပွဲများကျင်းပနိုင်ရေး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ ဗန်ကောက်ကျောက်မျက်ရတနာပြပွဲ၊ Thaifex-Horec Asia 2025၊ STYLE Bangkok 2025၊ TAPA 2025၊ Thaifex-Anuga Asia 2025 နှင့် Tilog-LogistiX 2025 အပါအဝင် ထိုင်းနိုင်ငံရှိ ကုန်စည်ပြပွဲများတွင် ဂန်စူးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန် အားပေးခဲ့ကြောင်း ဝန်ကြီးကဖြည့်စွက် ပြောကြားခဲ့သည်။

လန်ကျူး ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်စည်ပြပွဲတွင် ထိုင်းလုပ်ငန်းရှင်များပါဝင်ရေးကိုလည်း ဂန်စူးမြို့တော်ဝန်က ဖိတ်ကြား ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် ဂန်စူးပြည်နယ်တို့အကြား ကုန်သွယ်မှုသည် အမေရိကန် ဒေါ်လာ ၁၇ သန်းရှိခဲ့ပြီး အဓိက ပို့ကုန်များမှာ အီလက်ထရောနစ်ယန္တရားများ၊ အစေ့အဆန်များ၊ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ ဘွိုင်လာ ယန္တရားများနှင့် ဆက်စပ်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

Source: [www.bangkokpost.com](http://www.bangkokpost.com) ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့

Source: [https://myantrade.gov.mm/article/npt-171220241035](https://myantrade.gov.mm/article/npt-171220241035)

## တရုတ်နိုင်ငံ ရှန်းကျန်းဝေဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ နိုင်ငံခြားကုန်သွယ်မှုသည် ယွမ် ၄၀၃ ဘီလီယံသို့ စံချိန်တင်ရောက်ရှိခဲ့

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်းကျန်းဝေဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ နိုင်ငံခြားကုန်သွယ်မှု တန်ဖိုးသည် ၂၀၂၄ ခုနှစ် ပထမ ၁၁ လတွင် ယခင်နှစ်ထက် ၂၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယွမ် ၄၀၃ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၁ ဘီလီယံခန့်) စံချိန်တင် ရောက်ရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များ၏ ပြောကြားချက်အရသိရသည်။

ယခုအကြိမ်သည် ဒေသတွင်းနိုင်ငံခြားကုန်သွယ်မှုတန်ဖိုး ယွမ် ဘီလီယံ ၄၀၀ ကျော်လွန်သွားခြင်းဖြစ်ကြောင်း၊ ရှန်းကျန်း၏ အာရှအလယ်ပိုင်းငါးနိုင်ငံနှင့်ကုန်သွယ်မှုသည် ယခင်နှစ်ထက် ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အလားတူကာလအတွက် ဒေသတွင်း စုစုပေါင်းနိုင်ငံခြားကုန်သွယ်မှု၏ ၆၇ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ အဆိုပါကာလ အတွင်း ၎င်း၏အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် ကာဇက်စတန်နှင့် ကုန်သွယ်မှုမှာ ယခင်နှစ်ထက် ၁၇ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

အာဆီယံနိုင်ငံများနှင့် ဒေသတွင်းကုန်သွယ်မှုသည် ယခင်နှစ်ထက် ၂၃၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ဖော်ပြပါကာလ အတွင်း စုစုပေါင်းကုန်သွယ်မှု၏ ၈ ရာခိုင်နှုန်းအထိရှိခဲ့ကြောင်း သိရသည်။

ယခင်နှစ်ပိုင်ဘာလက Urumqi၊ Kashgar နှင့် Horgos စသည့်နယ်မြေများ စုစည်းတည်ထောင်ခဲ့သည့် တရုတ်နိုင်ငံ (Xinjiang) ရှေ့ပြေးလွတ်လပ်သောကုန်သွယ်ရေးဇုန်သည် ကုန်သွယ်မှုလုပ်ငန်းများတိုးတက်ရေး အတွက်ပံ့ပိုးပေးခဲ့ပြီး ယခုနှစ် ပထမ ၁၁ လအတွင်း ယွမ် ၁၆၂ ဒသမ ၉ ဘီလီယံ၊ ဒေသတွင်းကုန်သွယ်မှုပမာဏ စုစုပေါင်း၏ ၄၀ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

၎င်း၏ထူးခြားသော ပထဝီဝင်အားသာချက်များ၊ စီးပွားရေးဝန်းကျင်ဆိုင်ရာစဉ်ဆက်မပြတ် တိုးတက်မှုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် အဓိကထားဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများကြောင့် ရှန်းကျန်းသည် တည်ငြိမ်သော ကုန်သွယ်ရေးတိုးတက်မှုကိုရရှိခဲ့ကြောင်း Urumqi အကောက်ခွန်ဌာန၏ လက်ထောက်အကြီးအကဲ Li Qinghua က ပြောကြား ခဲ့ကြောင်း သိရသည်။

Source: [http://en.people.cn/n3/2024/1221/c90000-20256952.html](http://en.people.cn/n3/2024/1221/c90000-20256952.html)

စီးပွားရေးသံမှူး၊ ပေကျင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

Source: [https://myantrade.gov.mm/article/npt-241220241030](https://myantrade.gov.mm/article/npt-241220241030)

## တရုတ်နိုင်ငံမှ ရင်းနှီးမြုပ်နှံထားသည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစီမံကိန်းကို လာအိုတွင် စတင်ဖွင့်လှစ်ဆောင်ရွက်

တရုတ်နိုင်ငံမှ ရင်းနှီးမြုပ်နှံထားသည့် ကီလိုဝပ် ၁ သန်းရှိသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစီမံကိန်း (photovoltaic project)ကို လာအိုနိုင်ငံမြောက်ပိုင်းတွင် စတင်ဖွင့်လှစ်ဆောင်ရွက်လိုက်ပြီဖြစ်ကြောင်း တရုတ်နိုင်ငံ၏ နျူကလီးယားဓာတ်အားပေးလုပ်ငန်းကြီးတစ်ခုဖြစ်သည့် China General Nuclear Power Corporation (CGN)မှ ကြေညာခဲ့သည်။

ယင်းစီမံကိန်းသည် CGN နှင့် အခြားသော တရုတ်နှင့် လာအို စီးပွားရေးလုပ်ငန်းပေါင်း ၇၀ ကျော်တို့ ပူးပေါင်းတည်ဆောက်သည့် စီမံကိန်းဖြစ်သည်။ စီမံကိန်းအဆင့် ၁ အနေဖြင့် လာအိုနိုင်ငံမြောက်ပိုင်းရှိ CGN ၏ သန့်ရှင်းသော စွမ်းအင်အခြေခံစီမံကိန်းဖြစ်ပြီး လေ၊ နေရောင်ခြည်နှင့် ဇီဝလောင်စာများကဲ့သို့သော အရင်းအမြစ်များစွာကို လွှမ်းခြုံထားသည်။ ၎င်းသည် လာအိုနိုင်ငံ၏ပထမဆုံးသော အကြီးစားနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစီမံကိန်းလည်းဖြစ်သည်။

စီမံကိန်းအဆင့် ၁ သည် တပ်ဆင်ထုတ်လုပ်နိုင်မှု ကီလိုဝပ် ၁ သန်းဖြင့် တစ်နှစ်လျှင်ပျမ်းမျှဓာတ်အားကီလိုဝပ်နာရီပေါင်း ၁ ဒသမ ၇ ဘီလီယံခန့် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး အိမ်ထောင်စုပေါင်း ၁၀ သန်းခန့်၏ ဓာတ်အားသုံးစွဲမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်မျှော်မှန်းထားသည်။ စီမံကိန်း၏အကျိုးရလဒ်အနေဖြင့် စွမ်းအင်ထိန်းသိမ်းခြင်းတွင် နှစ်စဉ်ကျောက်မီးသွေးတန်ချိန် ၅၁၀,၀၀၀ ခန့်လျှော့ချခြင်းနှင့်ညီမျှသည်။

အဆိုပါ စီမံကိန်းသည် တရုတ်-လာအို ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုကိုမြင်တွေ့ရကြောင်း လာအိုနိုင်ငံ၏ သန့်ရှင်းသော စွမ်းအင်အခြေခံကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်နယ် ၃ ခု အနက်မှ တစ်ခုဖြစ်သည့် Odomxay ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Khamphiang Yachongva က ပြောကြားခဲ့သည်။

အဆိုပါ စီမံကိန်းမှတစ်ဆင့် အလုပ်အကိုင်ဖန်တီးခြင်းနှင့် လမ်းများ၊ ကျောင်းများ၊ ရေပေးဝေရေးနှင့် မြို့ပြအဆောက်အအုံများဆောက်လုပ်ခြင်း စသည်ဖြင့်ပြည်နယ်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ကဏ္ဍအလိုက်တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယအုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားခဲ့သည်။

အရင်းအမြစ်။ http://en.people.cn/n3/2024/1220/c90000-20256801.html , စီးပွားရေးသံမှူး၊ ကူမင်းမြို့။

Source: https://myantrade.gov.mm/article/Naypyitawstp_241220240937

## ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပီလောပီနံကုန်သွယ်မှုကို အထောက်အကူပြုစေရန် အစီအမံများဆောင်ရွက်သွားရန်ရှိ

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပီလောပီနံထွက်နှုန်းအမြင့်ဆုံးရာသီတွင် ပီလောပီနံထုတ်ကုန်များကိုဝယ်ယူပေးရန် တရုတ်အာဏာပိုင်များထံတောင်းဆိုထားပြီး ထိုင်းအစားကြိတ်ခွဲလုပ်ငန်းရှင်များကိုလည်း ၎င်းတို့၏ဝယ်လိုအားတိုးမြှင့်ပေးရန်တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ပီလောပီနံဈေးနှုန်းများကျဆင်းလာလျက်ရှိရာ အထွက်နှုန်းအမြင့်ဆုံးရာသီတွင် ပီလောပီနံထုတ်ကုန်များဖြစ်သည့် ပီလောပီနံပြားများကိုဝယ်ယူပေးရန် တရုတ်အာဏာပိုင်များနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနနှင့် နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနများကို တာဝန်ပေးအပ်ထားကြောင်း၊ ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနက ပီလောပီနံအသင်း ၄ ခု၊ တိရစ္ဆာန်အစာထုတ်လုပ်သူများနှင့် ဝက်မွေးမြူရေးသမားများနှင့် တွေ့ဆုံ၍ နိုင်ငံအတွင်းရှိ ပီလောပီနံပိုလျှံမှုကိုသုံးစွဲရန်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်မှာ ပီလောပီနံပြားများ တန်ချိန် ၅၀၀,၀၀၀ ကို တိရစ္ဆာန်အစာစက်မှုတွင်သုံးစွဲခြင်းဖြင့် ပြည်တွင်းသုံးစွဲမှုတိုးမြှင့်လာစေရန်ဖြစ်ကြောင်း၊ ကနဦးအနေဖြင့် ထိုင်းအစာစက်အသင်းက တောင်သူများထံမှ ပီလောပီနံပြားများဝယ်ယူရန် သဘောတူညီခဲ့ကြောင်း ဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့သည်။

နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက မက္ကဆီကို၊ ချီလီ၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားကဲ့သို့သော အလားအလာရှိသော ဈေးကွက်များသို့ ပီလောပီနံအတွက် ဈေးကွက်တိုးချဲ့နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ပီလောပီနံ အခြေခံထုတ်ကုန်များ၏ ပို့ကုန်တန်ဖိုးတိုးမြှင့်နိုင်ရန် စီးပွားရေးသံမှူးများအားတာဝန်ပေးအပ်ထားကြောင်း၊ ဝန်ကြီးဌာနသည်ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်းကာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်မှ ၉ ရက်နေ့အတွင်း တရုတ်နိုင်ငံ ရှန်ဟိုင်းနှင့် ချန်ဒူးတို့ရှိ စက်ရုံများသို့ သွားရောက်၍ ထိုင်းပီလောပီနံထုတ်ကုန်များကို အရောင်းမြှင့်တင်သွားမည်ဖြစ်ကြောင်း၊ တရုတ်နှစ်သစ်ကူးမတိုင်မီ တန်ချိန် ၁ သန်းကျော် ဝယ်လိုအားရရှိနိုင်ရန်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပီလောပီနံများကို တရုတ်နိုင်ငံရှိ တိရစ္ဆာန်အစာ၊ ကော်၊ စာရွက်၊ အချိုမှုန့်နှင့် သမာရိုးကျ သုံးစွဲမှု အလွန်ဖြစ်သော စစ်ထရစ်အက်စစ်ထုတ်လုပ်သည့် စက်ရုံများအတွက် မိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ တောင်သူများကိုထောက်ပံ့ပေးရန်

အတွက် ဘတ်ဂျက်တောင်းခံနိုင်ရေး ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဘတ်ဂျက်ကို ၂၀၂၄-၂၀၂၅ ပီလောပီနံထွက်နှုန်းမြင့်မားနေချိန်တွင် တောင်သူများ၏ ခူးဆွတ်မှုကို ရွှေ့ဆိုင်းနိုင်စေရေး အစီအစဉ်အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ အစီအမံတွင် တောင်သူများ၏ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသမဝါယမဘဏ်မှ အတိုးများကို အစိုးရက ထောက်ပံ့မှု တစ်စိတ်တစ်ပိုင်းလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ပီလောပီနံထုတ်ကုန် တင်ပို့ခဲ့မှုသည် အမေရိကန် ဒေါ်လာ ၂ ဒသမ ၆၈ ဘီလီယံဖြစ်ပြီး ၁၇ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ကျဆင်းခဲ့မှုမှာ ပီလောပီနံပြားများ တင်ပို့မှုကျဆင်းခဲ့ခြင်း ကြောင့်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် နိုင်ဂျီးရီးယားနှင့် ကွန်ဂိုတို့ပြီးပါက ကမ္ဘာ့တတိယအကြီးဆုံး ပီလောပီနံထုတ်လုပ်သူဖြစ်ပြီး ကမ္ဘာ့အကြီးဆုံးပီလောပီနံထုတ်ကုန်တင်ပို့သူဖြစ်ကြောင်း၊ အဓိကပို့ကုန်ဈေးကွက်မှာ တရုတ်ဖြစ်ကြောင်း ကုန်သွယ်ရေးမူဝါဒ နှင့် မဟာဗျူဟာရုံး ညွှန်ကြားရေးမှူးချုပ် Mr. Poonpong Naiyanpakorn က ပြောကြားခဲ့သည်။

Source: www.bangkokpost.com ,စီးပွားရေးသံမှူး၊ ဘန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Naypyitawstp_241220240356

# ပြည်တွင်းကုန်သွယ်မှုသတင်း

## ဝါ၊ ဝါး၊ ရော်ဘာကုန်ကြမ်းတို့ကို အခြေခံသည့် စက်မှုလုပ်ငန်းများတိုးတက်ရေးကို လက်တွေ့အကောင်အထည် ဖော်နိုင်ရန်လိုအပ်

ပို့ကုန်နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအစည်းအဝေးခမ်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အတွက် လက်ရှိပြည်ပပို့ကုန်ကို နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေး ကို လမ်းညွှန်မှုပြုထားကြောင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ပို့ကုန်လျာထားချက်၏ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ရာ ကျန်ကာလအတွင်း လျာထားချက်ပြည့်မီအောင်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည့်အပြင် ပို့ကုန်နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝါ၊ ဝါး၊ ရော်ဘာကုန်ကြမ်းတို့ကိုအခြေခံသည့် စက်မှုလုပ်ငန်း များတိုးတက်ရေးကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်လိုအပ်ကြောင်း တိုင်းဒေသကြီး/ ပြည်နယ်များမှ အဓိကစိုက်ပျိုး ထွက်ရှိသည့် ဒေသထွက်သီးနှံများ One Region One Product-OROP အလိုက် ထုတ်လုပ်တင်ပို့နိုင်ရေးသည် အဓိက ကျကြောင်း လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း၍ ပို့ကုန်ကဏ္ဍအလိုက် ကြိုးပမ်းအကောင် အထည်ဖော် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ပို့ကုန်တင်ပို့မှုဆိုင်ရာညီနောင်အသင်းအဖွဲ့များ၊ နေပြည်တော်ကောင်စီ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပို့ကုန်တင်ပိုနိုင်မည့်အခြေအနေနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြ ကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါအစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး/ ပြည်နယ်စီးပွားရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ပနိုင်ငံများရှိ စီးပွားရေးသံမှူးများက အွန်လိုင်းမှ တစ်ဆင့် ပါဝင်တက်ရောက်ကြကြောင်း သိရသည်။ Source:မြန်မာ့အလင်းသတင်းစာ

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ယူအေဘီဘဏ်လီမိတက် တို့အကြား ဝန်ဆောင်မှုများအတွက် အွန်လိုင်းငွေပေးချေမှု အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးမှုမှတ်တမ်းလက်မှတ်ရေးထိုး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ယူအေဘီဘဏ်လီမိတက် တို့အကြား ဝန်ဆောင်မှုများအတွက် အွန်လိုင်းငွေပေးချေမှု အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးမှုမှတ်တမ်း Record of Discussion – ROD လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၊ နံနက် ၁၀:၀၀ တွင်

နေပြည်တော်ရှိ Amara Hotel ၊ Fantastic Hall ၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ယူအေဘီဘဏ်လီမိတက်မှ Senior Vice President ၊ ဒေါ်သန္တာထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ MITC Website မှ ကုန်စည်ပြပွဲနှင့် ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များ၊ ပို့ကုန်မြှင့်တင်ရေးဗီဒီယိုများကို ကုန်သည်လုပ်ငန်းရှင်များသိရှိနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် စီးပွားရေးဗီဇာထောက်ခံချက် လျှောက်ထားခြင်း၊ ကုန်စည်ပြပွဲတွင် ပါဝင်ပြသသူ/ လိုက်ပါသူ (Exhibitor/ Visitor) မှတ်ပုံတင်ခြင်းလုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် MITC Website မှတစ်ဆင့် OGL လျှောက်ထားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ယူအေဘီဘဏ်လီမိတက်မှ Senior Vice President က ငွေပေးချေမှုနှင့်စပ်လျဉ်း၍ ယူအေဘီဘဏ်လီမိတက်အနေဖြင့် အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။ ဆက်လက်၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့် ယူအေဘီဘဏ်လီမိတက်မှ Senior Vice President တို့က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ယူအေဘီဘဏ်လီမိတက်တို့အကြား ဆွေးနွေးမှုမှတ်တမ်းအား လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ယူအေဘီဘဏ်လီမိတက်တို့အကြား ဆွေးနွေးမှုမှတ်တမ်း(ROD) ကို လက်မှတ်ရေးထိုးနိုင်ခြင်းကြောင့် အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းများအတွက် ငွေပေးချေမှုဆိုင်ရာလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစတင်၍ mitc.myantrade.gov.mm မှတစ်ဆင့် အွန်လိုင်းအသုံးပြုသူလုပ်ငန်းရှင်များကို ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ

Source: https://myantrade.gov.mm/article/

# ပြည်ပကုန်သွယ်မှုသတင်း

## မြန်မာနိုင်ငံမှထွက်ရှိသည့်ဝါဂွမ်းများအား ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

Last Updated: 2024-12-12

မြန်မာနိုင်ငံမှထွက်ရှိသည့်ဝါဂွမ်းများအား ဗီယက်နမ်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို Virtual စနစ်ဖြင့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ (ဗုဒ္ဓဟူးနေ့)၊ နေ့လယ် ၁၄:၃၀ နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေး၌ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် ဝါကိုအခြေခံသည့်စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်အားပေးလျက်ရှိပြီး ဝါဂွမ်းပို့ကုန်မြှင့်တင်ရေးကို တစ်စိုက်မတ်မတ်ဆောင်ရွက်၍ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ဝါစိုက်ပျိုး၊ ထွက်ရှိ၊ ထုတ်လုပ်၊ သုံးစွဲမှု ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိရေးသည် အရေးကြီးသဖြင့် ဝါအသင်းနှင့် စိုက်ပျိုးသူတောင်သူများက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝါထွက်ရှိသည့်ရာသီကျန်ရှိနေသည့်အတွက် စနစ်တကျဂရုတစိုက် ခူးဆွတ်ရိတ်သိမ်းသိုလှောင်နိုင်ပါက ပို့ကုန်လျာထားချက် ပြည့်မီနိုင်သေးသဖြင့် ဝါကို အလေအလွင့်မရှိ ခူးဆွတ်ဆောင်ရွက်နိုင်ရေး အသိပညာပေးရန်လိုကြောင်း၊ လာမည့်နှစ် ဝါထွက်ရာသီတွင် ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၌ ဈေးကွက်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ရှိ မြန်မာစီးပွားရေးသံမှူးများနှင့် ဝါနှင့် ဝါထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်လုပ်ငန်းရှင်များ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ကြပြီး ဝါဂွမ်းပို့ကုန်မြှင့်တင်နိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ပြည်တွင်းကုန်သွယ်မှုဌာနခွဲ

Source: https://myantrade.gov.mm/article/Nay%20Pyi%20Taw%

## အထူးဆောင်းပါးများ

### ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအာဏာပိုင်အဖွဲ့အား ဆန်ရောင်းချခွင့်အာဏာပြန်လည်လွှဲအပ်ရန် ဥပဒေကို ပြန်လည်သုံးသပ်လေ့လာလျက်ရှိ

၂၀၁၉ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် The Rice Tariffication Law –RTL အရ ဖိလစ်ပိုင်အမျိုးသား စားနပ်ရိက္ခာဖူလုံရေး အာဏာပိုင်အဖွဲ့ (Natioanl Food Authority–NFA) အား ဈေးကွက်တွင်း ဆန်ရောင်းချခွင့်အာဏာကို ရုပ်သိမ်းခဲ့သည်။ နိုင်ငံတွင်းဆန်လိုအပ်ချက် မြင့်မားခဲ့သဖြင့် အဆိုပါဥပဒေအရ ပြည်တွင်းသို့ဆန်တင်သွင်းမှုများ အကန့်အသတ်မရှိဝင် ရောက်ခဲ့ကြောင်း၊ RTL အား ပြင်ဆင်ရန် NFA အကြီးအကဲမှ ပြောကြားခဲ့ပြီး သမ္မတနန်းတော်မှလည်း ပြန်လည်သုံးသပ်လျက်ရှိသည်။

ပြင်ဆင်မည့်ဥပဒေတွင် ဈေးကွက်တွင်း ဆန်ဈေးနှုန်းများတည်ငြိမ်စေရန်နှင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေရေး အရေးပေါ်အခြေအနေများတွင် NFA အနေဖြင့် Kadiwa Outlet (ဆန် အပါအဝင် အခြေခံစားသုံး ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် အစိုးရမှ ရောင်းချပေးသည့် သက်သာဆိုင်) များမှတစ်ဆင့် ၎င်းတို့၏ buffer stock များကို ရောင်းချခွင့်ပြုသည့် အချက်ကို ပြင်ဆင်သွားရန် NFA မှ အဆိုပြုတင်ပြထားသည်။

NFA အနေဖြင့် တစ်လလျှင် ခန့်မှန်းသတ်မှတ်ဆန်တန်ချိန် ၁၆,၀၀၀ မှ ၂၀,၀၀၀ ကြားအား ရောင်းချခွင့်ရရှိရန် မျှော်လင့်ကြောင်း၊ အဆိုပါတန်ချိန်အရ ပြန်လည်တွက်ချက်မည်ဆိုပါက တစ်လလျှင် မြို့တစ်မြို့အတွက် ဆန်အိတ်ပေါင်း ၂၀၀ ဖြင့် မြို့ပေါင်း ၁,၆၀၀ ခန့်အထိ လွှမ်းခြုံရောင်းချနိုင်မည်ဖြစ်သည်။ ပြည်သူများအနေဖြင့် အနည်းဆုံး ဆန်တစ်ကီလိုလျှင် ၃၈ ပီဆိုဖြင့် ဝယ်ယူခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် ဆန်တစ်ကီလိုလျှင် ပီဆို ၄၀ ထိ ကျဆင်းရန်ကိုပင် ကြိုးစားဆောင်ရွက်နေရကြောင်း ဖော်ပြပါရှိသည်။

လက်ရှိ NFA တွင် ဆန်လက်ကျန် ၅,၃၈၉,၀၀၀ အိတ်ရှိနေပြီး ဈေးကွက်တွင်းရောင်းချခွင့်ပြုရန် စိုက်ပျိုးရေးဝန်ကြီးထံသို့တင်ပြထားပြီး ရောင်းချခွင့်ရရှိမှသာ ဆန်သိုလှောင်ရုံများတွင် နေရာလွတ်များရှိလာပြီး ဆန်တောင်သူများထံမှ ထပ်မံဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝှမ်းလုံးရှိ ဆန်သိုလှောင်ရုံအများစုတွင် ပြည့်လျှံလျက်ရှိပြီး နေရာလွတ်မရှိသည့် အခက်အခဲအား ရင်ဆိုင်နေရကြောင်း၊ ထို့သို့ နေရာလွတ်မရှိ၍ ဆန်တောင်သူများထံမှ NFA မှ စပါး (palay) မဝယ်ယူပါက တောင်သူများထံမှ တိုင်ကြားမှုများရှိလာနိုင်ကြောင်း ဖော်ပြပါရှိသည်။

လက်ရှိ NFA မှ ဆန်များကို ဖိလစ်ပိုင်လူမှုဝန်ထမ်းကယ်ဆယ်ရေးဌာနနှင့် ကာကွယ်ရေးဌာနများသို့ ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း တိုင်ဖွန်းဝင်ရောက်ခဲ့မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် ဆန်အိတ်ပေါင်း ၆ သိန်းခန့် ထုတ်ရောင်းခဲ့ပြီးဖြစ်သည်။ NFA အနေဖြင့် ဈေးကွက်တွင်း ဆန်ရောင်းချခွင့်ပြန်လည်ရရှိမည်ဆိုပါက ဆန်လက်ကျန်စီမံခန့်ခွဲမှု ပိုမိုအား ကောင်းလာစေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သမ္မတမားကို့စ်မှလည်း ပြည်တွင်းဆန်ဈေးကွက်အား အစိုးရက ထိန်းချုပ်နိုင်စေရန် RTL ကို ပြင်ဆင်သွားရန် လိုအပ်သည့်အတွက် ဥပဒေအမြန်ဆုံးပြင်ဆင်နိုင်ရေး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဥပဒေပါနောက်တစ်ချက် ပြင်ဆင်သွားရန်မှာ လက်ရှိ Rice Competitiveness Enhancement Fund သို့ နှစ်စဉ် ပီဆို ၁၀ ဘီလီယံ လွှဲပြောင်းပေးရာမှ ၃၀ ဘီလီယံသို့တိုးမြှင့် လွှဲပြောင်းသွားရန်ဖြစ်သည်။ လွှဲပြောင်းပေးမည့် ပီဆို ၃၀ ဘီလီယံအနက် အနည်းဆုံး ၉ ဘီလီယံကို လယ်ယာသုံးစက်ပစ္စည်းများဝယ်ယူရေး၊ ပီဆို ၆ ဘီလီယံအား rice seed development ဆိုင်ရာကိစ္စများ၊ ကျန်ရှိသည့် ပီဆို ၁၅ ဘီလီယံကို တောင်သူများစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်စေရေး ဆောင်ရွက်ပေးသွားရန်အတွက် သုံးစွဲသွားမည်ဖြစ်သည်။

လတ်တလောတွင်လည်း စားသုံးသူများအနေဖြင့် အစားအသောက်ရောင်းချသည့်ဆိုင်များတွင် half-cup of rice option အနေဖြင့် ရွေးချယ်ဝယ်ယူစားသုံးနိုင်စေရေး အကောင်အထည်ဖော်သွားလျက်ရှိကြောင်း၊ နှစ်စဉ် ပီဆို ၃ ဒသမ ၆ ဘီလီယံခန့်မှာ ထမင်းအကြွင်းအကျန်များကြောင့် ဆုံးရှုံးလျက်ရှိသဖြင့် စားသောက်ဆိုင်များ၊ ဟိုတယ်များတွင် half-cup rice အား အကောင်အထည်ဖော်ရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

သမ္မတဒူတာတေးအစိုးရလက်ထက် ၂၀၁၉ ခုနှစ်၊ မတ်လက ဖိလစ်ပိုင်နိုင်ငံတွင် ဆန်တင်သွင်းခြင်းဆိုင်ရာဖြေလျှော့မှုများဆောင်ရွက်ခဲ့ပြီး Rice Tariffication Act (RA 110203) အရ အမျိုးသားစားနပ်ရိက္ခာ အာဏာပိုင်အဖွဲ့ (National Food Authority – NFA) အောက်မှ G-G ဆန်တင်သွင်းမှုအားရပ်ဆိုင်းခဲ့ပြီး ပုဂ္ဂလိက ကဏ္ဍကိုလွတ်လပ်စွာ ဆန်တင်သွင်းခွင့်ပေးခဲ့သည်။ သို့သော် ပြည်တွင်း စားနပ်ရိက္ခာဖူလုံမှုအတွက် အရေးပေါ် အခြေအနေတွင်မူ သမ္မတ၏ခွင့်ပြုချက်ဖြင့် NFA မှ ဆန်တင်သွင်း/ ရောင်းချခွင့်ရရှိနိုင်မည်ဖြစ်သည်။

သမ္မတမားကို့စ်မှ စိုက်ပျိုးရေးဝန်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်နေသည့်ကာလတွင်း ပြည်တွင်း ဆန်ဈေးနှုန်း မြင့်တက်နေခြင်းကိုထိန်းချုပ်နိုင်ရန် အစိုးရ၏တင်သွင်းမှုမူဝါဒများချမှတ်ခြင်း၊ ပြည်တွင်းလက်လီရောင်းချသည့် ဈေးနှုန်း(အမြင့်ဆုံးသတ်မှတ်ချက်)ဖြင့် ရောင်းချစေခြင်းတို့ကိုဆောင်ရွက်ခဲ့ကြောင်း၊ ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့်အခွန်နှုန်းထား

လျှော့ချသတ်မှတ်ခြင်း စသည်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလက်ရှိ အကောင်အထည်ဖော်နေသည်မှာ half-cup rice option နှင့် RTL ပါ အချက် ၂ ချက်အား အမြန်ဆုံးပြင်ဆင်နိုင်ရေးဖြစ်ကြောင်း လေ့လာတင်ပြအပ်သည်။
( စီးပွားရေးသံမှူး၊ မနီလာမြို့)
Source: https://myantrade.gov.mm/article/Naypyitawstp-101220240203

## ကုန်သွယ်မှုအခြေအနေ

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၅၊ ဇန်နဝါရီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၃၁.၁၂.၂၀၂၄) ထိ

| မြို့နယ် | ရေ့ာဝတီ ပေါ်ဆန်း |
|---|---|
| ဖျာပုံ | 120000-125000 |
| မြောင်းမြ | 120000-125000 |
| ဒေးဒရဲ | 120000-125000 |
| ဝါးခယ်မ | 120000-125000 |
| ဘိုကလေး | 120000-125000 |
| မော်လမြိုင်ကျွန်း | 120000-125000 |
| လပွတ္တာ | 120000-125000 |
| ကျိုက်လတ် | 120000-125000 |
| ဘုရင့်နောင် | 145000-150000 (ရွှေဘိုပေါ်ဆန်း) |

**Source: MRF**

### ၂၀၂၅၊ ဇန်နဝါရီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 2.12.2024 | 2000-2200 | 1950-2150 | 1900-2100 | 1850-2050 | 1800-2000 |
| 2 | 9.12.2024 | 2050-2250 | 2000-2200 | 1950-2150 | 1900-2100 | 1850-2050 |
| 3 | 16.12.2024 | 1950-2150 | 1900-2100 | 1850-2050 | 1800-2000 | 1750-1950 |
| 4 | 23.12.2024 | 1950-2250 | 1900-2200 | 1850-2150 | 1800-2100 | 1750-2050 |
| 5 | 30.12.2024 | 1750-2250 | 1700-2200 | 1650-2150 | 1600-2100 | 1550-2050 |

Source: MRPPA

## ၂၀၂၅၊ ဇန်နဝါရီလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွဲနီ(ရှယ်) | | | ဧည့်မထ 25% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 2.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 2 | 3.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 3 | 4.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 4 | 5.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 5 | 6.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 6 | 9.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 7 | 10.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 8 | 11.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 9 | 12.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 10 | 13.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 11 | 16.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 12 | 17.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 13 | 18.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 14 | 19.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 15 | 20.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 16 | 23.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 17 | 24.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 18 | 26.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 19 | 27.12.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |

**Source: Myanmar Rice**

## ၂၀၂၅၊ ဇန်နဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 2.12.2024 | 2100.0 | 60.970 | 288.83 | 1560.53 | 24.79 | 1397.25 |
| 2 | 3.12.2024 | 2100.0 | 61.060 | 288.35 | 1561.51 | 24.80 | 1400.42 |
| 3 | 4.12.2024 | 2100.0 | 61.210 | 288.79 | 1560.93 | 24.79 | 1395.86 |
| 4 | 5.12.2024 | 2100.0 | 61.55 | 289.07 | 1568.04 | 24.79 | 1403.04 |
| 5 | 6.12.2024 | 2100.0 | 61.760 | 289.33 | 1568.57 | 24.80 | 1396.79 |
| 6 | 9.12.2024 | 2100.0 | 62.060 | 288.7 | 1566.99 | 24.79 | 1396.42 |
| 7 | 10.12.2024 | 2100.0 | 62.130 | 289.70 | 1566.99 | 24.75 | 1384.90 |
| 8 | 11.12.2024 | 2100.0 | 62.050 | 289.05 | 1562.56 | 24.75 | 1385.00 |
| 9 | 12.12.2024 | 2100.0 | 62.100 | 289.01 | 1562.04 | 24.75 | 1376.82 |
| 10 | 13.12.2024 | 2100.0 | 61.650 | 288.54 | 1558.33 | 24.76 | 1373.58 |
| 11 | 16.12.2024 | 2100.0 | 61.680 | 288.37 | 1556.88 | 24.75 | 1367.68 |
| 12 | 17.12.2024 | 2100.0 | 61.300 | 288.28 | 1555.44 | 24.73 | 1364.92 |
| 13 | 18.12.2024 | 2100.0 | 61.33 | 288.21 | 1554.17 | 24.72 | 1365.94 |
| 14 | 19.12.2024 | 2100.0 | 60.69 | 287.70 | 1541.96 | 24.69 | 1341.60 |
| 15 | 20.12.2024 | 2100.0 | 60.84 | 287.71 | 1545.60 | 24.70 | 1338.60 |
| 16 | 23.12.2024 | 2100.0 | 61.40 | 287.71 | 1549.07 | 24.68 | 1341.30 |
| 17 | 24.12.2024 | 2100.0 | 61.50 | 287.72 | 1545.37 | 24.65 | 1337.54 |
| 18 | 26.12.2024 | 2100.0 | 61.35 | 287.70 | 1545.65 | 24.63 | 1334.14 |
| 19 | 27.12.2024 | 2100.0 | 61.69 | 287.70 | 1543.66 | 24.55 | 1330.88 |

Source: Central Bank of Myanmar

## ၂၀၂၅၊ ဇန်နဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2024 | | (ထိပ်စ) | | |
| 1 | 2.12.2024 | 3540000 | 3817000 | | 3215000 | 3153800 | 3760100 |
| 2 | 3.12.2024 | 3500000 | 3700000 | | 3245700 | 3049700 | 3760100 |
| 3 | 4.12.2024 | 3487000 | 3650000 | | 3245700 | 3049700 | 3760100 |
| 4 | 5.12.2024 | 3450000 | 3550000 | | 3245700 | 3049700 | 3760100 |
| 5 | 6.12.2024 | 3467000 | 3565000 | | 3245700 | 3049700 | 3760100 |
| 6 | 9.12.2024 | 3480000 | 3657000 | | 3245700 | 3049700 | 3760100 |
| 7 | 10.12.2024 | 3476000 | 3587000 | | 3285500 | 3101800 | 3760100 |
| 8 | 11.12.2024 | 380000 | 3601000 | | 3285500 | 3101800 | 3760100 |
| 9 | 12.12.2024 | 3480000 | 3600000 | | 3285500 | 3101800 | 3760100 |
| 10 | 13.12.2024 | 3500000 | 3745000 | | 3285500 | 3101800 | 3760100 |
| 11 | 16.12.2024 | 3500000 | 3775000 | | 3285500 | 3101800 | 3760100 |
| 12 | 17.12.2024 | 3498000 | 3737000 | | 3368100 | 3101800 | 3760100 |
| 13 | 18.12.2024 | 3485000 | 3612000 | | 3368100 | 3101800 | 3760100 |
| 14 | 19.12.2024 | 3484000 | 3575000 | | 3368100 | 3101800 | 3760100 |
| 15 | 20.12.2024 | 3475000 | 3537000 | | 3368100 | 3101800 | 3760100 |
| 16 | 23.12.2024 | 3415000 | 3400000 | | 3368100 | 3101800 | 3760100 |
| 17 | 24.12.2024 | 3405000 | 3400000 | | 3417100 | 3062000 | 3649800 |
| 18 | 26.12.2024 | 3355000 | 3350000 | | 3417100 | 3062000 | 3649800 |
| 19 | 27.12.2024 | 3320000 | 3375000 | | 3417100 | 3062000 | 3649800 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ ဇန်နဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 2.12.2024 | 3141600–3251800 | 2755800–2859900 | 3264000–3472300 | 4387800–4491900 | 949200–961500 |
| 2 | 3.12.2024 | 3141600–3251800 | 2755800–2859900 | 3264000–3472300 | 4387800–4439800 | 979800–992100 |
| 3 | 4.12.2024 | 3034400–3144600 | 2755800–2859900 | 2957800–3267100 | 4387800–4439800 | 979800–992100 |
| 4 | 5.12.2024 | 3034400–3144600 | 2755800–2859900 | 2856800–3267100 | 4387800–4439800 | 979800–992100 |
| 5 | 6.12.2024 | 3034400–3144600 | 2703700–2859900 | 2856800–3062000 | 4387800–4439800 | 979800–992100 |
| 6 | 9.12.2024 | 3034400–3144600 | 2703700–2859900 | 2856800–3062000 | 4387800–4439800 | 979800–992100 |
| 7 | 10.12.2024 | 3034400–3144600 | 2804700–2960900 | 2957800–3062000 | 4387800–4439800 | 1016600–1028800 |
| 8 | 11.12.2024 | 3034400–3144600 | 2804700–2960900 | 2957800–3062000 | 4335700–4390800 | 1016600–1028800 |
| 9 | 12.12.2024 | 3034400–3144600 | 2804700–3013000 | 2957800–3062000 | 4335700–4390800 | 1016600–1028800 |
| 10 | 13.12.2024 | 3034400–3144600 | 2804700–3013000 | 2957800–3062000 | 4335700–4390800 | 1016600–1028800 |
| 11 | 16.12.2024 | 3034400–3144600 | 2703700–2807800 | 2957800–3062000 | 4182600–4237700 | 1016600–1028800 |
| 12 | 17.12.2024 | 3034400–3144600 | 2602700–2706800 | 2957800–3062000 | 4133600–4185700 | 1010400–1022700 |
| 13 | 18.12.2024 | 3034400–3144600 | 2602700–2706800 | 2957800–3062000 | 3980500–4032600 | 1010400–1022700 |
| 14 | 19.12.2024 | 3034400–3144600 | 2602700–2706800 | 2957800–3062000 | 3980500–4032600 | 1010400–1022700 |
| 15 | 20.12.2024 | 3034400–3144600 | 2602700–2706800 | 2957800–3062000 | 3980500–4032600 | 1010400–1022700 |
| 16 | 23.12.2024 | 3034400–3144600 | 2602700–2706800 | 2957800–3062000 | 3928500–4032600 | 1010400–1022700 |
| 17 | 24.12.2024 | 3034400–3144600 | 2602700–2654700 | 2856800–2960900 | 3928500–3980500 | 1016600–1028800 |
| 18 | 26.12.2024 | 3034400–3144600 | 2602700–2654700 | 2856800–2908900 | 3775400–3879500 | 1016600–1028800 |
| 19 | 27.12.2024 | 3034400–3144600 | 2498600–2602700 | 2703700–2807800 | 3723300–3827400 | 1016600–1028800 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၅၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 2.12.2024 to 6.12 .2024 | 9.12.2024 to 13.12.2024 | 16.12..2024 to 20.12.2024 | 23.12 .2024 to 27.12.2024 |
|---|---|---|---|---|---|
| မတ်ပဲ (2023-24 Crop) | FAQ | 885-895 | 885-895 | 885-895 | 860-870 |
| | SQ | 980-990 | 980-990 | 980-990 | 960-970 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 985-1005 | 985-1005 | 985-1005 | 960-980 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1085-1105 | 1085-1105 | 1085-1105 | 1060-1080 |
| | အခွံပါအခြမ်း | 985-1005 | 985-1005 | 985-1005 | 960-980 |
| ပဲတီစိမ်း (2023-24 Crop) | FAQ (အညာ) | 735-745 | 750-760 | 770-780 | 780-790 |
| | FAQ (ရွှေဝါ) | 795-805 | 805-815 | 820-830 | 830-840 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 860-870 | 860-870 | 880-890 | 890-900 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 820-830 | 820-830 | 835-845 | 835-845 |
| | ရွှေဝါအသေး (Under 3.5 mm) | 760-770 | 760-770 | 770-780 | 780-790 |
| ပဲတီစိမ်း (2023 -24 Crop) | FAQ ပဲနောက် | 725-735 | 730-740 | 730-740 | 750-760 |
| | SQ ပဲနောက် | 1000-1010 | 1010-1020 | 1010-1020 | 1010-1020 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 985-1005 | 995-1015 | 1010-1030 | 1010-1030 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 805-825 | 815-835 | 825-845 | 825-845 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 755-775 | 765-785 | 775-795 | 775-795 |
| ပဲစင်းငုံ(2023 -24 Crop) | အနီ | 950-960 | 900-910 | 910-920 | 860-870 |
| ပဲစင်းငုံ (2023-24 Crop) | အဖြူ(စစ်ကိုင်း) | 910-920 | 860-870 | 870-880 | 820-830 |
| | အခွံချွတ်အခြမ်း | 1250-1260 | 1200-1210 | 1210-1220 | 1160-1170 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 820-830 | 840-850 | 840-850 | 830-840 |
| | အခွံချွတ်အခြမ်း | 1070-1090 | 1090-1110 | 1090-1110 | 1080-1100 |
| ပဲလွန်းဖြူ | FAQ | 710-720 | 710-720 | 710-720 | 695-705 |
| | SQ | 790-800 | 790-800 | 790-800 | 775-785 |
| | အခွံချွတ်အခြမ်း | 850-870 | 850-870 | 850-870 | 835-855 |
| ပဲလွန်းနီ | FAQ | 650-660 | 650-660 | 650-660 | 650-660 |
| ပဲထောပတ် | FAQ | 1000-1010 | 1000-1010 | 1000-1010 | 990-1000 |
| | အခွံချွတ်အခြမ်း | 1025-1045 | 1025-1045 | 1025-1045 | 1015-1035 |
| ပြောင်းဆန် | | 255-265 | 260-270 | 255-265 | 255-265 |
| နှမ်းဖြူ | | 1390-1400 | 1390-1400 | 1390-1400 | 1390-1400 |
| နှမ်းနက်(စမုန်) | | 2240-2250 | 2280-2290 | 2300-2310 | 2330-2340 |
| နှမ်းညို | | 1135-1145 | 1135-1145 | 1135-1145 | 1135-1145 |
| နှမ်းနက်(ရိုးရိုး) | | 1930-1940 | 2000-2010 | 2030-2040 | 2050-2060 |
| မြေထောက်ပဲ(အနီ)FAQ | | 920-930 | 920-930 | 920-930 | 910-920 |
| မြေထောက်ပဲ(အနီ)SQ | | 1010-1020 | 1010-1020 | 1010-1020 | 1000-1010 |
| မြေထောက်ပဲ(အဖြူ) | | 1010-1020 | 1010-1020 | 1010-1020 | 1000-1010 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 920-930 | 920-930 | 920-930 | 920-930 |
| ပဲယင်း(ဝါ) | | 650-660 | 650-660 | 665-675 | 675-685 |
| ပဲယင်း(နီ) | | 660-670 | 660-670 | 675-685 | 675-685 |
| ပဲကြီး | | 815-825 | 815-825 | 820-830 | 810-820 |
| ပဲကြီးအခွံချွတ်အခြမ်း | | 935-955 | 935-955 | 940-960 | 930-950 |
| Azuki (Small Red Bean) | | 915-925 | 915-925 | 915-925 | 915-925 |
| စွန်တာနီ/ပြာ | | 690-700 | 690-700 | 690-700 | 690-700 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 4.12.2024 to 10.12.2024 | 11.12..2024 to 17.12.2024 | 18.12.2024 to 24.12.2024 | 25.12.2024 to 31.12..2024 |
|---|---|---|---|---|---|
| 1 | Myanmar White Rice 5% Broken | 465-470 | 465-470 | 465-470 | 465-470 |
| 2 | Myanmar White Rice 5% Broken (Well Milled Sortexed) | 465-470 | 465-470 | 465-470 | 465-470 |
| 3 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 470-475 | 470-475 | 470-475 | 470-475 |
| 4 | Myanmar White Rice 10 % Broken | 460-465 | 460-465 | 460-465 | 460-465 |
| 5 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 465-470 | 465-470 | 465-470 | 465-470 |
| 6 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 455-460 | 455-460 | 455-460 | 455-460 |
| 7 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 445-450 | 445-450 | 445-450 | 445-450 |
| 8 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 405-415 | 405-415 | 405-415 | 405-415 |
| 9 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 470-475 | 470-475 | 470-475 | 470-475 |
| 10 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 465-470 | 465-470 | 465-470 | 465-470 |
| 11 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 455-460 | 455-460 | 455-460 | 455-460 |
| 12 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 445-450 | 445-450 | 445-450 | 445-450 |
| 13 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 465-470 | 465-470 | 465-470 | 465-470 |
| 14 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 460-465 | 460-465 | 460-465 | 460-465 |
| 15 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 455-460 | 455-460 | 455-460 | 455-460 |
| 16 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 445-450 | 445-450 | 445-450 | 445-450 |
| 17 | Myanmar White Rice (Thee Pu) 5% Broken (Well Milled Double Polished Sortexed) | 465-470 | 465-470 | 465-470 | 465-470 |
| 18 | Myanmar White Rice (Thee Pu) 10% Broken (Well Milled Double Polished Sortexed) | 460-465 | 460-465 | 460-465 | 460-465 |
| 19 | Myanmar White Rice (Thee Pu) 15% Broken (Well Milled Double Polished Sortexed) | 455-460 | 455-460 | 455-460 | 455-460 |
| 20 | Myanmar White Rice (Thee Pu) 25% Broken (Well Milled Double Polished Sortexed) | 445-450 | 445-450 | 445-450 | 445-450 |
| 21 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 465-470 | 465-470 | 465-470 | 465-470 |
| 22 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 460-465 | 460-465 | 460-465 | 460-465 |
| 23 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 455-460 | 455-460 | 455-460 | 455-460 |
| 24 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 445-450 | 445-450 | 445-450 | 445-450 |
| 25 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 405-415 | 405-415 | 405-415 | 405-415 |
| 26 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 505-515 | 505-515 | 505-515 | 505-515 |
| 27 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 470-475 | 470-475 | 470-475 | 470-475 |
| 28 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 465-470 | 465-470 | 465-470 | 465-470 |
| 29 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 460-465 | 460-465 | 460-465 | 460-465 |
| 30 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 445-450 | 445-450 | 445-450 | 445-450 |
| 31 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 620-630 | 620-630 | 620-630 | 620-630 |
| 32 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 610-620 | 610-620 | 610-620 | 610-620 |
| 33 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 620-630 | 620-630 | 620-630 | 620-630 |
| 34 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 610-620 | 610-620 | 610-620 | 610-620 |
| 35 | Myanmar Glutinous Rice 5% Broken (Well Milled) | 500-510 | 500-510 | 500-510 | 500-510 |
| 36 | Myanmar Glutinous Rice 10 % Broken (Well Milled) | 490-500 | 490-500 | 490-500 | 490-500 |
| 37 | Myanmar Glutinous Rice 15 % Broken (Well Milled) | 480-490 | 480-490 | 480-490 | 480-490 |
| 38 | Myanmar Glutinous Rice 25 % Broken (Well Milled) | 470-480 | 470-480 | 470-480 | 470-480 |
| 39 | Myanmar Glutinous Rice 10 % Broken (Reasonable Well Milled) | 465-475 | 465-475 | 465-475 | 465-475 |
| 40 | Myanmar Glutinous Rice 25 % Broken (Reasonable Well Milled) | 450-460 | 450-460 | 450-460 | 450-460 |
| 41 | Myanmar Brown Rice 10 % Broken | 410-420 | 410-420 | 410-420 | 410-420 |

**Source: MRF**

## ၂၀၂၅၊ ဇန်နဝါရီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil | Brent Crude Oil | RBOB Gasoline | Natural Gas | Heating Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (USD/ gal) | USD/ MMBtu) | (USD/ gal) |
| 1 | 2.12.2024 | 68.35 | 72.24 | 190.43 | 3.18 | 220.35 |
| 2 | 3.12.2024 | 68.25 | 72.06 | 192.40 | 3.19 | 218.23 |
| 3 | 4.12.2024 | 69.96 | 73.65 | 196.13 | 3.05 | 221.24 |
| 4 | 5.12.2024 | 68.51 | 72.27 | 193.42 | 3.09 | 215.81 |
| 5 | 6.12.2024 | 68.3 | 72.03 | 193.49 | 3.07 | 215.22 |
| 6 | 9.12.2024 | 67.62 | 71.53 | 191.82 | 3.21 | 214.96 |
| 7 | 10.12.2024 | 68.07 | 71.83 | 194.00 | 3.02 | 217.51 |
| 8 | 11.12.2024 | 69.04 | 72.64 | 196.84 | 3.22 | 220.24 |
| 9 | 12.12.2024 | 70.34 | 73.64 | 199.50 | 3.36 | 222.98 |
| 10 | 13.12.2024 | 70.06 | 73.42 | 199.04 | 3.48 | 223.62 |
| 11 | 16.12.2024 | 70.92 | 74.22 | 199.56 | 3.23 | 226.58 |
| 12 | 17.12.2024 | 70.6 | 73.85 | 197.28 | 3.21 | 225.92 |
| 13 | 18.12.2024 | 70.16 | 73.26 | 194.65 | 3.35 | 222.92 |
| 14 | 19.12.2024 | 70.2 | 72.93 | 192.77 | 3.45 | 224.23 |
| 15 | 20.12.2024 | 69.91 | 72.46 | 191.09 | 3.63 | 222.65 |
| 16 | 23.12.2024 | 69.81 | 73.24 | 195.20 | 3.88 | 225.34 |
| 17 | 24.12.2024 | 69.4 | 72.85 | 194.78 | 3.72 | 223.22 |
| 18 | 26.12.2024 | 70.46 | 73.90 | 196.93 | 3.85 | 222.81 |
| 19 | 27.12.2024 | 69.67 | 73.32 | 194.63 | 3.74 | 220.34 |

Source: Bloomberg Commodities

## ၂၀၂၅၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 2.12.2024 | 2623 | 2636 |
| 2 | 3.12.2024 | 2653 | 2657 |
| 3 | 4.12.2024 | 2649 | 2653 |
| 4 | 5.12.2024 | 2654 | 2659 |
| 5 | 6.12.2024 | 2649 | 2652 |
| 6 | 9.12.2024 | 2644 | 2648 |
| 7 | 10.12.2024 | 2672 | 2678 |
| 8 | 11.12.2024 | 2699 | 2704 |
| 9 | 12.12.2024 | 2711 | 2714 |
| 10 | 13.12.2024 | 2694 | 2698 |
| 11 | 16.12.2024 | 2659 | 2663 |
| 12 | 17.12.2024 | 2658 | 2660 |
| 13 | 18.12.2024 | 2647 | 2653 |
| 14 | 19.12.2024 | 2618 | 2625 |
| 15 | 20.12.2024 | 2600 | 2605 |
| 16 | 23.12.2024 | 2626 | 2631 |
| 17 | 24.12.2024 | 2618 | 2625 |
| 18 | 26.12.2024 | 2629 | 2636 |
| 19 | 27.12.2024 | 2634 | 2639 |

**Source: Bullionvault, e trade Myanmar**